မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၁၀ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၆၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မျက်မှောက်ကာလတွင် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ တစ်ကမ္ဘာလုံးဆက်စပ်ယှက်နွယ် ပြောင်းလဲနေ ပိမိလူမျိုး၏ ယဉ်ကျေးမှုဆိုင်ရာမူဝါဒ ယိုယွင်းပျက်စီးမှုမရှိအောင် သတိနှင့်ယှဉ် ထိန်းသိမ်းစောင့်ရှောက် အချုပ်အခြာအာဏာပိုင်နိုင်ငံပီသစွာ ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်ရေး မျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်း

ကမ္ဘာ့အလယ်တွင် ယဉ်ကျေးမှုအရ ထင်ရှားကျော်ကြားရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုးချဲ့ဆောင်ရွက်

နေပြည်တော် မတ် ၉

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၀၇)သို့တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိန်းသိမ်းစောင့်ရှောက်

ရှေးဦးစွာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ယဉ်ကျေးမှုဆိုင်ရာ မူဝါဒမှာ ဦးတည်ချက် (၁၂)ရပ်၌ ပါဝင်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ *စာမျက်နှာ ၉ ကော်လံ ၄* ■

ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ် ထိန်းသိမ်းခြင်းဖြင့် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးစွမ်းရည်တို့ကို မြင့်မားစေမည်၊ ထို့အပြင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှု၊ ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲမှု စသော အကျိုးရလဒ်ကောင်းများ တစ်ပါတည်းဖြစ်ထွန်းလာစေအောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၀၇)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ ၁၀-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၁၀ ရက်)

သန့်ရှင်းသော သောက်သုံးရေရရှိရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်

နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်အနက် ဒုတိယလုပ်ငန်းစဉ်ဖြစ်သည့် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုင်ငံတစ်ဝန်းရှိ မြို့နယ်အသီးသီးတွင် (၁၀)နှစ် စီမံကိန်းရေးဆွဲပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင် ကျေးရွာ ၈၀၄၂ရွာအနက် ၇၁၅၇ရွာကို သောက်သုံးရေ ရရှိရေးဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

အလားတူ အခြားပြည်နယ်နှင့်တိုင်းတို့တွင်လည်း ကျေးရွာ ၁၅၁၈၃ရွာအနက် ကျေးရွာ ၇၁၅၂ရွာကို သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၂၃၂၂၅ရွာအနက် ၁၄၃၀၉ ရွာကို သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာလကုန်အထိ ကျေးရွာပေါင်း ၁၆၉၅၆ရွာတွင် သောက်သုံးရေ ရရှိရေးလုပ်ငန်း ၂၄၈၂၂ခုကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်၏ အားပေးမြှင့်တင်ပေးမှု၊ စေတနာရှင်တို့၏ ပံ့ပိုးကူညီမှုတို့ဖြင့် ကျေးလက်ဒေသ သောက်သုံးရေရရှိရေး လုပ်ငန်းများကို စီမံကိန်းကာလအတွင်း ပြီးစီးအောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှသည် ပြည်နယ်၊ တိုင်းလုံးကျွတ်အထိ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ပေးရင်းဖြင့် ရေခက်ခဲသည့် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိနိုင်မည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒေါ်ညွန့်ညွန့် (၈၆) နှစ် ပြည့်မွေးနေ့ အလှူအဖြစ် ရန်ကုန်တိုင်း ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာ လမ်း အမှတ်(၈၉)နေ ဒေါ် ညွန့် ညွန့်၊ သမီးဒေါက်တာ ငြိမ်းငြိမ်းဝင်းနှင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး)အတွက်ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်း အမှတ်၅၄/C နေ နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးလှကြည်-ဒေါ်တင်တင်ဝင်း၊ သား မောင်ဟိန်းထက်လင်းမိသားစုက အမေရိကန်ဒေါ်လာ ၁၀၀ကို အကျိုးတော်ဆောင် အရှင်ဂန္ဓသာရ မဟာသိမ်တော်ကြီး စာချနာယက၏ ရှေ့မှောက်တွင် ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့ ဒေါ်ကေသက်မော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် မော်လမြိုင်စက်မှုဇုန်မှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

ရန်ကုန် မတ် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မော်လမြိုင်တက္ကသိုလ်၌ ကျင်းပသည့် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်အသီးသီးက သင်တန်းအတွက် အလှူငွေများ ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လက်ခံပြီး သင်တန်းအတွက် အလှူငွေများ ပြန်လည်ပေးအပ်သည်။**(ယာပုံ)**

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့သည် မော်လမြိုင်စက်မှုဇုန်သို့ရောက်ရှိပြီး စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့်ဝန်ကြီးတို့ကလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး မော်လမြိုင်စက်မှုဇုန်အတွင်းရှိ ရွှေဟသာ်မော်တော်ယာဉ်အလုပ်ရုံမှ မော်တော်ကားများ ထုတ်လုပ်နေမှု အခြေအနေ၊ ဦးခိုင်စိုး၏ ရော်ဘာကြိတ်စက် ထုတ်လုပ်နေမှု၊ ဦးကံကောင်း၏ကြေး၊ သံ၊ သတ္တုအရည်ကျိုလုပ်ငန်း၊ စိန်ကြယ် မော်တော်ယာဉ်ထုတ်လုပ်ရေး အလုပ်ရုံ Golden Lion ရော်ဘာကြိတ်စက် ထုတ်လုပ်နေမှုနှင့် သီဟမာန်သုံးဘီးဆိုင်ကယ်ထုတ်လုပ်နေမှုတို့အား ကြည့်ရှုအားပေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည်မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ပြည်နယ်ရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များဆွေးနွေးမှာကြားသည်။

အဆိုပြုလွှာလက်ခံ

မတ် ၄ ရက်နံနက်ပိုင်းတွင် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် အဖွဲ့ဝင်များနှင့်အတူ ရေးမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်တွေ့ဆုံ၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က အမှာစကားအသီးသီး ပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်ကအသင်းဝင်အဆိုပြုလွှာအစောင်၁၉၀၀ ကို လက်ခံသည်။ မွန်းလွဲပိုင်းတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေးမြို့နယ် အစင်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာရှိ သီရိမင်္ဂလာဓမ္မာရုံ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဗဟိုအလုပ်အမှုဆောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အသင်းဝင်အဆိုပြုလွှာ ၈၃၈ စောင်ကိုလက်ခံပြီးကျေးရွာအတွက် အလှူငွေများပြန်လည်ပေးအပ်သည်။ ညနေပိုင်းတွင် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် အစင်ကျေးရွာနှင့် ဇီးဖြူတောင်ကျေးရွာချင်းဆက် အရှည်ပေ ၁၈၀၀၊အကျယ်၂၄ ပေရှိသံကူကွန်ကရစ် တံတားတည်ဆောက်နေမှုကို ကြည့်ရှုပြီး တံတားအမြန်ပြီးစီးရေးနှင့် တံတားရေရှည် ခိုင်ခံ့အောင် ဆောင်ရွက်ရေး မှာကြားပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ကူညီပံ့ပိုး ပေးသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၀-၃-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၂၅ ၅။ ကျန်းမာသုတ
- ၁၂:၃၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **ရင်ထဲကဆောင်းရာသီ** (ပထမပိုင်း) သရုပ်ဆောင်လွင်မိုး၊ ထွန်းအိန္ဒြာဗို
- ၁၃:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄:၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၀ ၈။ မိုးလေဝသသတင်း
- ၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၀။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၁။ အံသြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံစဉ်မဲ့မေတ္တာ**(အပိုင်း-၁၅)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ FA CUP ဘောလုံးပွဲ **Middles Brough Vs Manchester United (Live)**

ရွှေကြာဂံမဂ္ဂဇင်း ထုတ်ဝေမည်

ရန်ကုန် မတ် ၉

တာချီလိတ်ခရိုင် ရွှေကြာဂံမဂ္ဂဇင်း ထုတ်ဝေရေးညှိနှိုင်းအစည်းအဝေးကို တာချီလိတ်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သန်းက အမှာစကား ပြောကြားသည်။မည်သူမဆို ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းစာမူများကို မတ် ၃၁ ရက် နောက်ဆုံးထား၍ ဒေါက်တာမြင့်အောင် (စာနယ်ဇင်း)ဖုန်း-၀၈၄-၅၁၂၇၈၊ဦးမောင်ကြည် (ခရိုင်ပြန်/ဆက်) ဖုန်း-၀၈၄-၅၁၀၂၈ နှင့် ဦးအောင်ဖြိုးရှိန် (မောင်ယဉ်ကျေး) ဖုန်း-၀၉-၅၂၄၀၂၁၀ တို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။ **(၄၂၀)**

ပုဂံခေတ်မှစ၍ ယနေ့တိုင် ပိဋကတ်စာပေကို လက်တွေ့ကျင့်သုံးလာခဲ့ ညှိနှိုင်းဆွေးနွေးခြင်းသည် မဆုတ်ယုတ်ကြောင်းတရားနှင့် တစ်သားတည်းကျ အနာဂတ်တွင်လည်း သာသနာအကျိုး ဆက်လက်သယ်ပိုးထမ်းဆောင်

ရန်ကုန် မတ် ၉

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မြွက်ကြားချီးမြှင့်တော်မူသည့် သန္ဒေသကထာအပြည့်အစုံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်–

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ၉–၃–၂၀၀၇ မှ ၁၁–၃–၂၀၀၇ အထိ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ်များ ပညာရေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား၌ မိန့်ကြားတော်မူသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ၏ သမ္မောဒနီယ သန္ဒေသကထာ–

- ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်မြတ်များ
- ပြည်ပနိုင်ငံများမှ လာရောက်ကြသည့် ဗုဒ္ဓဘာသာ သုတေသီများ
- ဧည့်သည်တော်များနှင့် သူတော်ကောင်းအပေါင်းတို့

ယနေ့ ကျင်းပအပ်သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ်များ ပညာရေးနှီးနှောဖလှယ်ပွဲသို့ ရွှင်လန်းတက်ကြွစွာ တက်ရောက်ကြသည်ကို တွေ့မြင်ရသဖြင့် မြတ်ဗုဒ္ဓသာသနာတော်ကြီး၏ အနာဂတ်အရေးအတွက် လွန်စွာ အားတက်ဝမ်းသာရပါကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်ပြောကြားလိုပါသည်။ မိမိတို့၏ ကိုယ်စိတ် ပင်ပန်းနွမ်းနယ်မှုကို အလေးမထားဘဲ သာသနာတော်ကြီးအရှည်ခံ့၍ တည်တံ့ထွန်းကား ပြန့်ပွားလာစေရန်အတွက် ယခုကဲ့သို့ လာရောက်ကြိုးစား ဆောင်ရွက်ကြသည်ကို တွေ့မြင်ရသဖြင့် သုတေသီများအားလုံး၊ ဧည့်သည်တော်များအားလုံးကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

ဝမ်းမြောက်ဂုဏ်ယူ

ယခုကျင်းပသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ်များ ပညာရေးနှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်သဖြင့် လွန်စွာဝမ်းမြောက် ဂုဏ်ယူပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။ နိုင်ငံအပေါင်း ၁၃ နိုင်ငံမှ ဗုဒ္ဓဘာသာကောလိပ်နှင့် တက္ကသိုလ် ၂၅ ခုတို့မှ ထေရဝါဒဗုဒ္ဓဘာသာ သုတေသီပညာရှင်များ ယခုကဲ့သို့ စုဝေးပူးပေါင်း၍ ထေရဝါဒဗုဒ္ဓဘာသာတရားတော်များကို အဆင့်မြင့်မြင့် စနစ်တကျ ပို့ချသင်ကြားရေးအတွက် စုဝေးညှိနှိုင်းတိုင်းပင်ကြခြင်းသည် ပထမဆုံးအကြိမ်ဖြစ်မည်ဟု ယူဆပါသည်။ ထူးကဲမွန်မြတ်သော "ဓမ္မသာကစ္ဆာပွဲ"ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုအပ်ပါသည်။

စည်ပင်ထွန်းကား

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်ခန့်က ပုဂံခေတ် ထေရဝါဒဗုဒ္ဓဘာသာ ထင်ထင်ရှားရှား ဝင်ရောက်လာချိန်မှစတင်၍ ဘုန်းတော်ကြီးကျောင်းများတွင် ထေရဝါဒ ဗုဒ္ဓဘာသာပိဋကတ်စာပေများကို ရိုသေလေးစားစွာ နာယူမှတ်သားပြီး လက်တွေ့ကျင့်သုံးလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ထိုကာလမှစတင်ပြီး ရဟန်းသံဃာတော်များသည် ပရိယတ္တိစာပေများကို လက်ဆင့်ကမ်း ပို့ချသင်ယူလာခဲ့ကြသလို ပရိယတ္တိက ညွှန်ပြသော ပဋိပတ္တိကျင့်စဉ်များကိုလည်း လိုက်နာကျင့်ဆောင်ခဲ့ကြပါသည်။ ပရိယတ္တိစာပေသမိုင်းတစ်လျှောက် မြန်မာဆရာတော်များက လက်ဆင့်ကမ်း သင်ကြားပို့ချလာခဲ့သလို အရှင်အဂ္ဂဝံသပြုစုသော သဒ္ဒနီတိကျမ်းမှစတင်၍ ပါဠိသဒ္ဒါကျမ်းများ၊ သုတ္တန်အဖွင့်ကျမ်းများ၊ ဝိနိစ္ဆယဖြတ်ထုံးများ၊ အဘိဓမ္မာအဖွင့်ကျမ်းများနှင့် အရကောက်ကျမ်းများကိုလည်း စာသင်သားများအနေဖြင့် ပိဋကတ်စာပေနယ်သို့ အလွယ်တကူ ချဉ်းကပ်ဝင်ရောက်နိုင်အောင် ပြုစုအားထုတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် သမိုင်းစဉ်တစ်လျှောက်လုံး ပုဂံခေတ်ကပင်စတင်၍ အရိယာပုဂ္ဂိုလ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာခဲ့ပြီး ယနေ့အချိန်ကာလ၌လည်း မြို့နယ်ပေါင်း ၃၂၆ ကျော်တွင် မြို့နယ်တိုင်း၊ မြို့နယ်တိုင်း၌ ပရိယတ္တိစာသင်တိုက်များရှိသလို ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာများကိုလည်း မြင်တွေ့ကြရမည်ဖြစ်ပေသည်။ သမိုင်းစဉ်တစ်လျှောက်လုံး ဆရာတပည့်အစဉ်အဆက်ဆက်က ပရိယတ္တိပို့ချသင်ယူမှု ဂန္ထဓုရတာဝန်နှင့် ပဋိပတ္တိနည်းပြကျင့်သုံးမှု ဝိပဿနာ ဓုရတာဝန်နှစ်ရပ်ကို ပုံမှန်ထမ်းဆောင်လာခဲ့ကြသဖြင့် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားလျက်ရှိကြောင်း တွေ့မြင်ကြရမည်ဖြစ်ပေသည်။

အားပေးလျက်ရှိ

ပိဋကတ်စာပေများကို သင်ယူပို့ချကြရာတွင် မူရင်းပါဠိတော်ကြီးများနှင့် အဋ္ဌကထာ ဋီကာအဖွင့်ကျမ်းများကို ရှေးရိုး ပါဠိဘာသာကျွမ်းကျင်မှု အခြေခံသင်ကြားနည်းဖြင့် စာမေးပွဲမဝင်ဘဲ သင်ယူကြသူများရှိသကဲ့သို့ နိုင်ငံတော်အစိုးရက ကျင်းပပေးသော ပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ တိပိဋကစာမေးပွဲများတွင် ဝင်ရောက်ဖြေဆို၍ သင်ယူသောစာသင်နည်းများလည်း ရှိပေသည်။ ပရိယတ္တိစာသင်တိုက်များက ပရိယတ္တိစာပေများကို ပို့ချပေးသည့်နည်းတူ နိုင်ငံတော်အစိုးရ၏ ပရိယတ္တိစာမေးပွဲများနှင့် စေတိယင်္ဂဏအသင်း၊ သကျသီဟအသင်းစသော အမျိုးသားပရိယတ္တိစာမေးပွဲများက စာသင်သံဃာတော်များ၏ သင်ယူလေ့လာမှုကို သွယ်ဝိုက်သောနည်းဖြင့် အားပေးလျက်ရှိပါသည်။

ပေါ်ထွန်းခဲ့

၁၉၈၆ ခုနှစ်မှစတင်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နှစ်ခုကို တည်ထောင်ဖွင့်လှစ်ခဲ့ပေသည်။ ယင်းတက္ကသိုလ်နှစ်ခုတို့တွင် ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများကို ရှေးရိုးသင်နည်းအပြင် ခေတ်မီသင်ကြားပို့ချနည်းများကိုပါ ဖြည့်စွက်ပို့ချလျက်ရှိပါသည်။ ၎င်းအပြင် သာသနာပြုလုပ်ငန်းများနှင့် ဆက်နွယ်ရာ အင်္ဂလိပ်ဘာသာစသော အခြားဘာသာရပ်များကိုလည်း ပို့ချပေးလျက်ရှိပါသည်။ ယခုအချိန် ယင်းသာသနာ့တက္ကသိုလ်နှစ်ခုမှ ဓမ္မာစရိယ B.A (Buddhism) ဘွဲ့ရသူပေါင်း ၉၈၂ ပါးနှင့် မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့ရသူပေါင်း ၂၀၈ ပါး ထွက်ပေါ်ခဲ့ပြီး ယခုအခါ ဓမ္မပါရဂူဘွဲ့ (Ph.D; Buddhism) ဘွဲ့သင်တန်းကိုပါ တိုးချဲ့ဖွင့်လှစ်သင်ကြားလျက်ရှိပေသည်။ နောင်နှစ်များတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့သည်လည်း မိမိတို့၏ သက်ဆိုင်ရာသင်ရိုးညွှန်းတမ်းများနှင့်အညီ ဖွင့်လှစ်ပို့ချလာခဲ့ပေသည်။ အထက်တန်းပိဋကတ်စာပေများကို လေ့လာရာတွင်လည်း ၁၉၄၈ ခုနှစ်မှ စတင်ခဲ့သော တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးသည်လည်း ၅၉ နှစ်တာ ကာလအတွင်း ပိဋကတ်သုံးပုံ အာဂုံဆောင်၍ ပိဋကတ်သုံးပုံ သဘော ရေးဖြေအောင်မြင်သော အရှင်မြတ် ၁၁ ပါး ပေါ်ထွန်းခဲ့ပေသည်။

အသုံးချလို

ပရိယတ္တိ နယ်ပယ်တွင် ဤမျှအရင်းအနှီး စိုက်ထုတ်ထားသော မြန်မာနိုင်ငံအနေဖြင့် မိမိ၏ ကိုယ်ပိုင်အတွေ့အကြုံများကို ညီအစ်ကိုတော် ထေရဝါဒတက္ကသိုလ်များကို မျှဝေပေးရန် ဆန္ဒရှိသလို နိုင်ငံတကာ ထေရဝါဒတက္ကသိုလ်များ၏ အတွေ့အကြုံများကို ရယူ၍လည်း မြန်မာနိုင်ငံ ပရိယတ္တိတက္ကသိုလ်ကြီးများ အဆင့်မြှင့်တင်ရေးအတွက် အသုံးချလိုပါသည်။

သုံးသပ်ယူဆ

ထေရဝါဒ ဗုဒ္ဓဘာသာကိုလေ့လာရာတွင် ပါဠိဘာသာရပ်သည် အခြေခံဖြစ်သောကြောင့် ပါဠိဘာသာသင်ရိုးများ၊ သင်ကြားပုံ နည်းစနစ်များကို ဆွေးနွေးကြမည်ဖြစ်သည့်အတွက် လွန်စွာ အကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ပါသည်။ ထိုနည်းတူစွာ အဘိဓမ္မာဘာသာရပ်၊ ကမ္မဋ္ဌာန်း ဘာသာရပ်များကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း သိရသဖြင့် လောကသဘာဝများကို ကိုင်တွယ်ဖြေရှင်းရာတွင် ယင်းဘာသာရပ်များက အထောက်အကူပြုမည် ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော တက္ကသိုလ်ကောလိပ်များအတွက် စိတ်ဝင်စားဖွယ်ဘာသာရပ်များ ဖြစ်ပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးတွင် အထိရောက်ဆုံး ဘာသာရပ်များဖြစ်သောကြောင့် ယခုကျင်းပသော ပညာရေးနှီးနှောဖလှယ်ပွဲမှ အထိုက်တန်ဆုံး အကျိုးရလဒ်များကို ဧကန်ရရှိနိုင်ကြောင်း သုံးသပ်ယူဆပါသည်။

ယုံကြည်

ထို့ပြင် ထေရဝါဒ ဗုဒ္ဓဘာသာရဟန်းတော်များသည် ကမ္ဘာသုံး အင်္ဂလိပ်ဘာသာစကားဖြင့် အဘိဓမ္မာဘာသာရပ်နှင့် ကမ္မဋ္ဌာန်းဘာသာရပ်တို့ကို ကမ္ဘာသို့ ဖြန့်ဝေပေးနိုင်မည် ဆိုပါကလည်း ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုအောင်မြင်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

မျှော်လင့်

ယခု ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်လျက်ရှိသော ထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ်ကြီးများသည် မဟာဝိဇ္ဇာတန်းနှင့် ပါရဂူတန်းများ သင်ကြားရေး၊ ကျမ်းကြီးကြပ်ရေး၊ ဆရာများနှင့် ကျောင်းသားများ အပြန်အလှန် လဲလှယ်ရေးကိစ္စများတွင် အားလုံးအတွက် အကျိုးရှိမည့် သဘောတူညီချက်များ ရရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဆက်လက်သယ်ပိုး

ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးအတွက် ယခုကဲ့သို့ ညီညွတ်စွာ မကြာခဏ တိုင်ပင်ညှိနှိုင်းဆွေးနွေးကြခြင်းသည် ဘုရားရှင်လမ်းညွှန်တော်မူသည့် မဆုတ်ယုတ်ကြောင်းတရား–အပရိ ဟာနိယဓမ္မနှင့် တစ်သားတည်း ထပ်တူကျလျက်ရှိသဖြင့် နောင်အနာဂတ်ကာလများတွင်လည်း ညီအစ်ကိုတော် ထေရဝါဒ ဗုဒ္ဓဘာသာဝင်အချင်းချင်း လက်တွဲညီညာစွာဖြင့် မြတ်စွာဗုဒ္ဓ၏ သာသနာတော်အကျိုးကို ဆက်လက်သယ်ပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဤအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များ အားလုံး၏ ပထမဆုံး သမိုင်းဝင် ညီလာခံကြီးကို ဖွင့်လှစ်အပ်ပါသည်။ ။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေးဖွင့်ပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို နှုတ်ခွန်းဆက်သဝဏ်လွှာ ဖတ်ကြားလျှောက်ထား

ရန်ကုန် မတ် ၉

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေး International Conference of Theravada Buddhist Universities ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို၍ နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားသည်။

ကြွရောက်တော်မူ

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသ ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ နီပေါ၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ်နှင့် အမေရိကန်နိုင်ငံတို့ရှိ ဗုဒ္ဓတက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၂၂ ခုတို့မှ အဓိပတိနှင့် ဒုတိယအဓိပတိ ဆရာတော်များ၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် ဆရာတော်များ၊ မဟာဌာနမှူး ဆရာတော်များ၊ ပါမောက္ခဆရာတော်များ၊ ဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ်ကြီးများ၊ ကထိကဆရာတော်များနှင့် ပညာရှင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်မြို့ရှိ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်နိုင်ငံများဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ထေရဝါဒ ဗုဒ္ဓဘာသာသုတေသီများနှင့် ပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဆရာ ဆရာမများ၊ တက္ကသိုလ်တွင် တက်ရောက် ပညာသင်ယူနေကြသော ပြည်တွင်းပြည်ပမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည်ညိုကြသည်။

ဖတ်ကြားလျှောက်ထား

ဖွင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူး ဆရာတော်အဖြစ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခဆရာတော် ဘဒ္ဒန္တ ဒေါက်တာဓမ္မဿာမိက ဆောင်ရွက်တော်မူပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သမ္မောဒနီယ သန္ဒေသကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

(ဥက္ကဋ္ဌ မကွေးဆရာတော်၏ သမ္မောဒနီယ သန္ဒေသကထာကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားသည်။

မိန့်ခွန်းမြွက်ကြား

ထို့နောက် သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရက မူဝါဒဆိုင်ရာမိန့်ခွန်း (Key Note Speech) ကို မြွက်ကြားတော်မူသည်။

စာမျက်နှာ ၆ ကော်လံ ၁

ဂျပန်နှင့် ဗီယက်နမ်နှစ်နိုင်ငံ နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်မည်

ဟနွိုင်း မတ် ၉

ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့သည် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန် မတ် ၆ရက်က သဘောတူညီလိုက်ကြပြီ ဖြစ်သည်။

ထို့အပြင်နှစ်နိုင်ငံအကြားဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် စွမ်းအားပြည့် ပူးပေါင်းလုပ်ဆောင်မှုများ ဆက်လက်ပြုလုပ်သွားကြရန်လည်း သဘောတူညီခဲ့သည်ဟု ဗီယက်နမ် သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံမှ ဗိုလ်ချုပ်ကြီး တီဆုတိုမီ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ ရောက်စဉ်အတွင်း ဗီယက်နမ်စစ်ဘက်ဆိုင်ရာအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးကာ ယခုကဲ့သို့သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ဆွေးနွေး

ထို့အပြင် နှစ်နိုင်ငံနယ်ပယ်အသီးသီးမှ အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားရေးနှင့် သတင်းပြန်ကြားရေးဆိုင်ရာသင်တန်းပေးရေးများကိုလည်း ဆွေးနွေးခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်နစ္စတန်၌ တိုက်ခိုက်ခံရ၍သေဆုံး

လန်ဒန် မတ် ၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် မတ် ၆ရက်က ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်မန့်ပြည်နယ် ကာဂျာကီအရပ်တွင် လုံခြုံရေးဆောင်ရွက်နေစဉ် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဆောင်ရွက်

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းတွင်လည်း တာလီဘန်တိုက်ခိုက်ရေးများနှင့် လက်နက်မှောင်ခို ပြုလုပ်သူများကို ရှင်းလင်းရန် စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်မည်ဖြစ်သည်။

တိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်မန့်ပြည်နယ်ရှိ အစိတ်အပိုင်းအနည်းငယ်ကိုသာ နေတိုးတပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားနိုင်ကြောင်း သိရသည်။ ထိုဒေသရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များမှာလည်း လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကို နေ့စဉ်ကြုံတွေ့နေရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေကြသူများအား မတ် ၄ ရက်က တွေ့ရစဉ်။
(အဆိုပါပြိုင်ပွဲတွင် ပထမဆုရရှိသူမှာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၄၁ဒေါ်လာ ရရှိမည်ဖြစ်သည်။)
(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူ မူလတန်းကျောင်းအားလုံးတွင် တရုတ်နှင့် မလေးစကားပြောသင်မည်

စင်ကာပူ မတ် ၉

လာမည့်ငါးနှစ်အတွင်း စင်ကာပူနိုင်ငံရှိ မူလတန်းကျောင်းအားလုံးတွင် တရုတ်နှင့် မလေးရှားစကားပြောသင်ခန်းစာများကို ကျောင်းသားများအား သင်ကြားပေးမည်ဖြစ်ကြောင်း စင်ကာပူအစိုးရက မတ် ၇ ရက်တွင် ကြေညာလိုက်သည်။

ထိုသို့သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်မှာ စင်ကာပူလူငယ်များ အနာဂတ်တွင် ပိုမိုတိုးတက်လာစေရန် အတွက်ဖြစ်ကြောင်း စင်ကာပူပညာရေးဝန်ကြီးသာမန်ရှန်မူဂါရာက ပါလီမန်၌ ပြောကြားလိုက်သည်။

၂၀၀၅ ခုနှစ်မှစ၍ စင်ကာပူ မူလတန်းကျောင်းများတွင် တရုတ်စကားပြောနှင့် မလေးရှားစကားပြောသင်ခန်းစာများ သင်ကြားပေးရန် ကမ်းလှမ်းထားခဲ့ကြောင်း၊ ၂၀၀၆ခုနှစ် နှစ်ကုန်ပိုင်းအထိ မူလတန်းကျောင်း ၅၈ ကျောင်းနှင့် အလယ်တန်းကျောင်း ၄၇ ကျောင်းတို့တွင် အဆိုပါသင်ခန်းစာများ စတင်သင်ကြားပေးခဲ့သည်ဟု ဆိုခဲ့သည်။

ပြောကြား

ငါးနှစ်အတွင်း မူလတန်းကျောင်းများအားလုံး၌ တရုတ်စကားနှင့် မလေးရှားစကား သင်ကြားပေးမည် ဖြစ်ကြောင်း၊စင်ကာပူပညာရေးဝန်ကြီးဌာနက ယင်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှန်မူဂါရာက ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသေးငယ်ဆုံး သတင်းစာ

ကမ္ဘာ့အသေးငယ်ဆုံး သတင်းစာလေးတစ်စောင်ကို ဖတ်ရှုနေသူတစ်ဦးအား တွေ့ရစဉ်။ (ယာပုံ)

ဘရာဇီးနိုင်ငံ ဘရာဆီးလီးရားမြို့တွင် ၁၉၃၀ပြည့်နှစ်က ထုတ်ဝေခဲ့သော သတင်းစာလေးတစ်စောင်မှာ အရွယ် အစားအားဖြင့် အနံ ၂ ဒသမ ၇၅ လက်မနှင့် အလျား ၃ဒသမ ၉၄ လက်မသာရှိပြီး စာမျက်နှာ ၁၆ မျက်နှာ ပါရှိသည်။ ၎င်းသတင်းစာလေးမှာ စောင်ရေ ၅၀၀၀ ရှိပြီး ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး သတင်းစာဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



ကမ္ဘာ့အကြီးဆုံး လေပူဖောင်း

ကမ္ဘာ့အကြီးဆုံး လေပူဖောင်းကြီးတစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ဖန်ယန်အမည်ရှိ တရုတ်အမျိုးသားတစ်ဦးက ပြုလုပ်ထားသော လေပူဖောင်းကြီး တစ်ခုမှာ အလျား ၁၅၆ပေ ရှိပြီး ၎င်းလေပူဖောင်းကြီး၏ပတ်လည် အကျယ်အဝန်းမှာ စတုရန်းပေ ၄၀၀၀ ခန့်ရှိသဖြင့် ကမ္ဘာ့အကြီးမားဆုံး လေပူဖောင်းကြီး တစ်ခုဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဘရာဇီးနှင့်ဂျပန် ကုန်သွယ်ရေးမြှင့်တင်ရန် သဘောတူ

ဘရာဆီးလီးယား မတ် ၉

ဘရာဇီးနှင့် ဂျပန်နှစ်နိုင်ငံ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များဆိုင်ရာ အတားအဆီးများကို လျှော့ချသွားမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ရေး စက်မှုဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး လူးရစ်ဖ်ဖာနန်ဒိုဖော်လန်က မတ် ၆ ရက်၌ ပြောကြားလိုက်သည်။

ဆောင်ရွက်

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့တွင် ကျင်းပသည့် ဘရာဇီး-ဂျပန်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲ၌ ပြည်တွင်းဈေးကွက်၏ အတားအဆီး အဟန့်အတားများကဲ့သို့သော ကိစ္စရပ်များကို ပြောင်းလဲရန်ဆွေးနွေးခဲ့ကြသည်။

ရင်းနှီးမြှုပ်နှံ

ယခုကဲ့သို့ ဘရာဇီးနှင့်ဂျပန်နှစ်နိုင်ငံအကြား နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှု ရရှိခြင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကို ပိုမိုတိုးတက်ဖြစ်ထွန်းလာစေမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံ နိုင်ငံခြားကုန်သွယ်ရေး၊ စက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး လူးရစ်ဖ်ဖာနန်ဒိုဖော်လန်က ဆက်လက်ပြောကြားသည်။

တိုးတက်

ထို့အပြင် ဂျပန်နိုင်ငံနှင့် တောင်အမေရိကနိုင်ငံများဖြစ်သော အာဂျင်တီးနား၊ ဘရာဇီး၊ ပါရာဂွေး၊ ဥရုဂွေးနှင့် ဗင်နီဇွဲလားနိုင်ငံတို့ ပါဝင်သည့် တောင်အမေရိက ဒေသအတွင်း ကုန်သွယ်ရေးအုပ်စုဝင် နိုင်ငံများနှင့်လည်း ကုန်သွယ်မှုလျင်မြန်စွာ တိုးတက်ဖြစ်ထွန်းလာမည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ညှိနှိုင်းအစည်းအဝေးကျင်းပ အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်ဆွေးနွေး

နေပြည်တော် မတ် ၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ် နှစ်ချုပ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာ့စီးပွားရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများ၊ ပြည်နယ်၊ တိုင်း ဘဏ်ခွဲမန်နေဂျာများနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အလုပ်အကျွေးပြု

ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားရာ၌ ၂၀၀၆–၂၀၀၇ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းများ၏အားနည်းချက်၊ အားသာချက်တွေကို လေ့လာဖော်ထုတ်ညှိနှိုင်းမှုများပြုလုပ်ပြီး ဘဏ္ဍာနှစ်သစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်သော လုပ်ငန်းအစီအမံများကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန် လိုအပ်ကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များပြည့်မီစေရန် ဆောင်ရွက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ဝန်ထမ်းများအားလုံး နိုင်ငံတော်အကျိုး၊ ဌာနအကျိုးအတွက်ကြိုးပမ်းလုပ်ဆောင်ကြရန်လိုကြောင်း၊ စီမံခန့်ခွဲရေးအဆင့် အရာထမ်းများသည် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု စွမ်းရည်မြင့်မားရန် လုပ်ငန်းကျွမ်းကျင်မှု လိုအပ်ကြောင်း၊ မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် မြန်ဆန်ချောမွေ့စေမှု၊ စေတနာအရင်းခံပြီး ချိုသာပြေပြစ်သော ဆက်ဆံရေး၊ ထိရောက်ထက်မြက်သည့်လုပ်ငန်းဆောင်ရွက်မှုများဖြင့် နိုင်ငံတော်အပေါ် တာဝန်သိသိ သစ္စာရှိရှိ အလုပ်အကျွေးပြုသွားကြရန် လိုအပ်ကြောင်း အကျယ်တဝင့်မှာကြားသွားသည်။

ညှိနှိုင်းဆွေးနွေး

အဆိုပါ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ် နှစ်ချုပ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၀၇ ခုနှစ် မတ်၆ရက်မှ ၉ရက်အထိ နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်ဘဏ်ခွဲမန်နေဂျာများသည် မြန်မာ့စီးပွားရေးဘဏ်၏လုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးကာကွယ်တားဆီးရေးလုပ်ငန်းများ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ လေ့လာကြည့်ရှု

ရန်ကုန် မတ် ၉

USAID မှ ဒေသညှိနှိုင်းရေးမှူး Dr. John Mac Arthur ၊ အမေရိကန်သံရုံးမှ စီးပွားရေးဌာန ပထမအတွင်းဝန် Ms. Manlowe Teresa၊ ကမ္ဘာ့ဘဏ်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲရေးဌာနစိတ် စီမံခန့်ခွဲရေးအရာရှိ Mr. Steven Schonberger နှင့် လူအင်အားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကျွမ်းကျင်သူ Mr. Kwanpadh Suddhi Dhamakit တို့နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန်များအဖွဲ့သည် မရမ်းကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးအရာရှိ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကိုယ်စားလှယ်များနှင့်အတူ ယနေ့မွန်းလွဲ ၁နာရီက မရမ်းကုန်းမြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါသံသယဖြစ်ဖွယ် ကြက်မွေးမြူရေးခြံသို့ ကွင်းဆင်း၍ ကြက်ငှက်တုပ်ကွေးကာကွယ်တားဆီးရေးဆိုင်ရာလုပ်ငန်းရပ်များ လေ့လာကြည့်ရှုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နတ်မောက်မြို့နှင့် မြစ်ကြီးနားမြို့တို့တွင် မီးလောင်

ရန်ကုန် မတ် ၉

မကွေးတိုင်း နတ်မောက်မြို့နယ် အလယ်ရွာ၌ မတ် ၈ရက် နံနက် ၁၁နာရီခွဲခန့်က မီးဖိုမီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းရာ အိမ်၄၂လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၄၁စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသဖြင့် ယင်းရွာ ဘုန်းတော်ကြီးကျောင်း၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးကာ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

မြစ်ကြီးနားမြို့

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်နှင့် အောင်နန်းရပ်ကွက်တို့၌ မတ်၈ရက်တွင် မီးလောင်မှုများ ဖြစ်ပွားခဲ့သဖြင့် တပ်ကုန်းရပ်ကွက်တွင် နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး လူခြောက်ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ အောင်နန်းရပ်ကွက်တွင် နေအိမ်နှစ်လုံး ဆုံးရှုံးခဲ့ပြီး လူ၁၇ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ မီးဘေးဒုက္ခသည်များအား တာဝန်ရှိသူများက လိုအပ်သည်များ ထောက်ပံ့ကာ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးရောဂါ ထောက်ပံ့ပေးရေး ဖိတ်ခေါ် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံရှိ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါ အထောက်အပံ့ပေးရေး ဖိတ်ခေါ်အစည်းအဝေး (Donor Meeting)ကို ယနေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးကို UNDP မှ ကိုယ်စားလှယ် Mr. Charles Petrik, FAO ဌာနေကိုယ်စားလှယ် Mr. Tang Zhengping, WHO ဌာနေကိုယ်စားလှယ် Ms. Prof; Adik Wibowo, World Bank Senior Operation Officer Mr.Steven Schonberger, USAID ဒေသတွင်းပေါင်းစပ်ညှိနှိုင်းရေးမှူး Dr. John Mac Arthur၊ အမေရိကန်သံရုံး၊ ပြင်သစ်သံရုံး၊ သြစတြေးလျသံရုံး၊ ကိုရီးယားသံရုံး၊ ဗြိတိန်သံရုံး၊ ဂျပန်သံရုံး၊ စင်ကာပူသံရုံး၊ အီတလီသံရုံး၊ ထိုင်းသံရုံး၊ ဂျာမနီသံရုံး၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ချုပ် (IFRC)၊ USAID၊ Aus AIDတို့မှ ကိုယ်စားလှယ်များနှင့် FAOအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံများ တက်ရောက်ကြပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် UNDPဌာနေကိုယ်စားလှယ်၊ FAO ဌာနေကိုယ်စားလှယ်၊ WHOဌာနေကိုယ်စားလှယ်တို့က အမှာစကားပြောကြားခြင်း၊ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်၊ USAID ဒေသညှိနှိုင်းရေးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှု အခြေအနေနှင့် အပြည်ပြည်ဆိုင်ရာ အထောက်အပံ့ပြုခဲ့ကြသည့် အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

အရှေ့တောင်အာရှဒေသ ကြက်ငှက်တုပ်ကွေးရောဂါ ပူးပေါင်းညှိနှိုင်းရေးမှူး Dr. Wantanee Kalpravidthက မြန်မာနိုင်ငံ၏ ယခုဖြစ်ပေါ်နေသော ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ဆောင်ရွက်နေမှု အခြေအနေ လိုအပ်ချက်ကွက်လပ်နှင့် စိန်ခေါ်မှုများ၊ FAO နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှု အမျိုးသားရေး မဟာဗျူဟာစီမံချက် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်မှု အင်အားဖြည့်တင်းရေးအစီအစဉ်အရ ရန်ပုံငွေလိုအပ်ချက် စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြသည်။ အစည်းအဝေးတွင်WHO၊ FAO၊ USAID၊ World Bank ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်မှုကို ဆောလျင်စွာ စစ်ဆေးဖော်ထုတ်ခြင်း၊ ဆောလျင်စွာအစီရင်ခံခြင်း၊ ဆောလျင်စွာတုံ့ပြန်ခြင်းကို ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူသူများအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ အသိမြင့်မားသဖြင့် သက်ဆိုင်ရာသို့ ကြက်သေဆုံးမှုသတင်း ဆောလျင်စွာပေးပို့နိုင်ခဲ့ကြောင်း၊ ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းအနေဖြင့် ခေတ်မီစစ်ဆေးနည်းများဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ အတိအကျဖော်ထုတ်နိုင်ကြောင်း၊ ရောဂါထိန်းချုပ်ရေး အစီအမံရေးဆွဲ၍ ကြိုတင်ပြင်ဆင်ထားရှိသဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာအာဏာပိုင်တို့က ရောဂါထိန်းချုပ်မှုကို အလျင်အမြန်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစွမ်းအားပမာဏ တိုးမြှင့်ရန် အပြည်ပြည်ဆိုင်ရာ၏ အထောက်အပံ့ ပိုမိုလိုအပ်မှာဖြစ်ကြောင်း တင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ရန်ကုန်တိုင်းအတွင်း ငှက်မြေကျသေဆုံးမှုများအပေါ် စစ်ဆေးချက်သတင်း

ရန်ကုန် မတ် ၉

၁။ **ငှက်မြေကျသေဆုံးမှု။** ၂၇-၂-၂၀၀၇ မှ ၉-၃-၂၀၀၇ နေ့အထိ ရန်ကုန်တိုင်းမြို့နယ်များတွင် ကျီး၊ ခို၊ စာကလေး၊ ငုံး၊ ဇီးကွက် စုစုပေါင်း ၂၃၄ ကောင် မြေကျသေဆုံးခဲ့ကြောင်း။

၂။ **စစ်ဆေးတွေ့ရှိချက်။** အသေကောင်ခွဲစိတ်စစ်ဆေးချက်များနှင့် ဓာတ်ခွဲခန်းစစ်ဆေးချက်များအရ အောက်ပါအတိုင်း ဖော်ထုတ်ရရှိကြောင်း–

(က) **ကြက်ငှက်တုပ်ကွေးရောဂါ။** ကြက်ငှက်တုပ်ကွေးရောဂါ မတွေ့ရှိရပါ၊

(ခ) **အပူရှပ်သေဆုံးမှု(Heat Stroke)။** စုစုပေါင်းသေဆုံးကောင်ရေ၏ (၂၁)ရာခိုင်နှုန်းတွေ့ရှိကြောင်း၊

(ဂ) **နာတာရှည်အသက်ရှုလမ်းကြောင်းရောဂါ (CRD)။** စုစုပေါင်းသေဆုံးကောင်ရေ၏ (၁၇)ရာခိုင်နှုန်းတွေ့ရှိကြောင်း၊

(ဃ) **အူရောင်ရောဂါ(Enteritis)။** စုစုပေါင်းသေဆုံးကောင်ရေ၏ (၁၂)ရာခိုင်နှုန်းရှိကြောင်း၊

(င) **ကျောက်ပေါက်ရောဂါ(Pigeon Pox)။** စုစုပေါင်းသေဆုံးကောင်ရေ၏ (၁၀) ရာခိုင်နှုန်း တွေ့ရှိရကြောင်း၊

(စ) **အဆိပ်လက္ခဏာ။** စုစုပေါင်းသေဆုံးကောင်ရေ၏ (၂၀) ရာခိုင်နှုန်းသည် သင်္ဘာန်လက္ခဏာအရ အဆိပ်မိသေဆုံးသည်ဟု ယူဆရကြောင်း၊

(ဆ) **ထိခိုက်ဒဏ်ရာကြောင့်သေဆုံးကောင်ရေ။** စုစုပေါင်းကောင်ရေ၏ (၈)ရာခိုင်နှုန်း တွေ့ရှိရကြောင်း၊

(ဇ) **ပုပ်ပွ၍ မစစ်ဆေးနိုင်သောသေဆုံးကောင်ရေ။** စုစုပေါင်းသေဆုံးကောင်ရေ၏ (၁၂)ရာခိုင်နှုန်းတွေ့ရှိရကြောင်း။

၃။ **ဖြစ်စဉ်အပေါ်သုံးသပ်ချက်**

(က) သဘာဝအရ ဆောင်းအကုန်နွေအကူး အပူအအေး နေ့ညအပြောင်းအလဲကွာဟမှု မြင့်မားပြီး ငှက်သတ္တဝါများ သေဆုံးလေ့ရှိသော ရာသီဖြစ်ကြောင်း၊

(ခ) ကျီးသတ္တဝါများအနေဖြင့် အဆိပ်အတောက်ပါရှိသော အသေကောင်များ၊ စားကြွင်းစားကျန်၊ အသားကြွင်းအသားကျန်များကို အဓိကမှီခိုစားသုံးရာမှ ထိခိုက်သေဆုံးသည်ဟု သုံးသပ်ရရှိကြောင်း၊

(ဂ) အာရှနိုင်ငံ ကျီးငှက်ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကျီးကန်းတွင် ကြက်ငှက်တုပ်ကွေးကူးစက်ခံရပါက ၎င်းကျီးကန်းသာ လျင်မြန်စွာသေဆုံးပြီး ရောဂါဖြန့်ဖြူးနိုင်မှု အခွင့်အလမ်းနည်းပါးကြောင်း (Victim not Vector)၊ လက်ရှိဓာတ်ခွဲခန်းဆိုင်ရာ စစ်ဆေးမှုများအရ ကျီးကန်းတွင် ကြက်ငှက်တုပ်ကွေးရောဂါ မတွေ့ရှိရကြောင်း၊

(ဃ) ကျီးကန်းများ မြေကျသေဆုံးမှုနှင့် ပတ်သက်၍ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုမဟုတ်ဘဲ ရာသီဥတုအပြောင်းအလဲနှင့် အဆိပ်အတောက်ပါရှိသော အသေကောင်များ စားသုံးမှုကြောင့် သေဆုံးမှုများဖြစ်သည်ဟု ခြုံငုံသုံးသပ်ရကြောင်း။

၄။ **တိရစ္ဆာန်ကျန်းမာရေး သတိပေးနှိုးဆော်ချက်။**

(က) ကျီးကန်းနှင့် အခြားကျေးငှက်သတ္တဝါများ မြေကျသေဆုံးမှုရှိပါက အိမ်မွေးခွေး၊ ကြောင်များ မစားမိစေရေး သတိပြုရန်၊

(ခ) ကျီးကန်းနှင့် အခြားကျေးငှက်သတ္တဝါများ မြေကျသေဆုံးမှုတွေ့ရှိလျှင် ပိုးသတ်ဆေး ပက်ဖျန်းခြင်း (သို့မဟုတ်) ထုံးဖြူးခြင်း(သို့မဟုတ်) ပွက်ပွက်ဆူရေနွေးလောင်းခြင်းများ ပြုလုပ်ပြီး ကျင်းတူးမြေမြှုပ်ရန်၊

(ဂ) မြို့တွင်း၊ ရွာတွင်း တိရစ္ဆာန်များကို အဆိပ်ဖြင့် သုတ်သင်ရှင်းလင်းခြင်းများပြုလုပ်ပါက အသေကောင်များကို စနစ်တကျမြေမြှုပ်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သမ္ဗောဓနီယ သန္ဒေသကထာကို မြွက်ကြားချီးမြှင့်တော်မူစဉ်။
(သတင်းစဉ်)

သီတဂူကြယ်တစ်ပွင့်၏ဓမ္မသဘင်

ရန်ကုန် မတ် ၉

မန္တလေး ပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည် ကျောင်းတိုက်ဆရာတော် သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် မတ် ၁၉ ရက်နှင့် ၂၀ရက်ညတွင် ရေးမြို့ မွန်ပြည်နယ်၊ ၂၁၊ ၂၂ရက် ညများ၌ ဇီးဖြူသောင်ရွာ၊ ရေးမြို့နယ်၊ ၂၃ ရက်ညတွင် ဒမင်းဆိပ်ရွာ ရေးမြို့နယ်၊ ၂၄၊ ၂၅ရက် ညများတွင် အစင်ရွာ ရေးမြို့နယ်၊ ၂၆၊၂၇ရက် ညများတွင် ကျိုက္ခမီမြို့၊ ၂၈၊ ၂၉ရက် ညများ တွင်ထုံးအိုင်ရွာ ကရင်ပြည်နယ်၊ ၃၀ရက်ညတွင် အလူကြီးရွာ ကျိုက်ထိုမြို့၊ ၃၁ရက်ညတွင် အင်းတိုင်ရွာ လှည်းကူးမြို့၊ ဧပြီ ၁ရက်(ဆည်းဆာ)တွင် ၁၆/ ၃ရပ်ကွက် သဃ်န်းကျွန်း ရန်ကုန်၊ ယင်းညတွင် ပေါက်ကုန်းရပ် မင်္ဂလာဒုံ၊ ဧပြီ ၂ ရက် မှ ၁၃ရက်အထိ အိန္ဒိယ၊ နီပေါနိုင်ငံ ဘုရားဖူးခရီး၊ ၁၄၊ ၁၅ရက် ညများ တွင် အမရဝတီတရားစခန်း ကုန်းတလပေါင် မင်္ဂလာဒုံ၊ ဧပြီ ၁၆ရက်ညတွင် အုတ်ဖိုမြို့၊ ဧပြီ ၁၇ရက်ညတွင် ဝေဘာဂီလမ်းမ မြောက်ဥက္ကလာ ရန်ကုန်၊ ၁၈၊၁၉ ရက်ညများတွင် ယုဇနလမ်း မြောက်ဥက္ကလာ ရန်ကုန် ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။

(က–ပ)

စာမျက်နှာ ၃ မှ

ဆက်လက်၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Mahamakut Buddhist University မှ ပါမောက္ခချုပ် ဆရာတော် Ven. Phra Theppariyattiwimol က နှုတ်ခွန်းဆက် အမှာစကား မြွက်ကြားတော်မူသည်။

ထို့နောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Mahachulalongkornrajavidyalaya University မှ ပါမောက္ခချုပ် ဆရာတော် Ven. Prof. Dr. Phra Dharmakosajarn က နှုတ်ခွန်းဆက် အမှာစကား မြွက်ကြားတော်မူသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် နိုင်ငံပေါင်း ၁၃ နိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်နှင့်ကောလိပ်ပေါင်း ၂၂ ခု တို့မှ အဓိပတိနှင့် ဒုတိယအဓိပတိ ဆရာတော်များ၊ ပါမောက္ခချုပ် ဆရာတော် များ၊ ပညာရှင်ဆရာတော်များနှင့် နိုင်ငံတကာမှ ထေရဝါဒဗုဒ္ဓဘာသာ သုတေသီ များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဗုဒ္ဓတက္ကသိုလ်များ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေးသို့ တက်ရောက်တော်မူလာကြသည့် နိုင်ငံတကာမှ ဗုဒ္ဓတက္ကသိုလ်နှင့် ကောလိပ်များမှာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ စစ်တကောင်းတက္ကသိုလ်၊ ကမ္ဘောဒီးယားနိုင်ငံမှ ပရီသီဟာမုနိရာဇာ ဗုဒ္ဓတက္ကသိုလ်နှင့် သီဟာနုရာဇာ ဗုဒ္ဓတက္ကသိုလ်၊ အိန္ဒိယနိုင်ငံမှ ဒေလီတက္ကသိုလ်နှင့် နလန္ဒာတက္ကသိုလ်၊ ထိုင်းနိုင်ငံမှ ဆုန်ခလာအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓကောလိပ်၊ ဗန်ကောက်မြို့ရှိ မဟာချူလာလောင်ကွန် တက္ကသိုလ်နှင့် မဟာမောင်းဂွတ်ဗုဒ္ဓတက္ကသိုလ်၊ နီပေါနိုင်ငံမှ ထရိုင်ဆူဗန်တက္ကသိုလ်၊ စင်ကာပူ သမ္မတနိုင်ငံမှ ဗုဒ္ဓဘာသာနှင့် ပါဠိ ကောလိပ်နှင့် မြန်မာဗုဒ္ဓဘာသာဘုရားကျောင်း၊ အမေရိကန်နိုင်ငံ လော့အင်ဂျလိစ်မြို့ရှိ ဗုဒ္ဓဓမ္မအလင်းရောင်အသင်းကြီး၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ ထေရဝါဒ ဗုဒ္ဓကောလိပ်၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ ဗုဒ္ဓဘာသာနှင့် ပါဠိ တက္ကသိုလ်နှင့် ဗုဒ္ဓသာဝကဘိက္ခုနီ တက္ကသိုလ်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ကေတာဂျာဆာဗုဒ္ဓကောလိပ်၊ ဇောဓိဓမ္မ ဗုဒ္ဓကောလိပ်၊ နလန္ဒာဗုဒ္ဓကောလိပ်၊ ဆိုင်လင်ဒရာဗုဒ္ဓကောလိပ်၊ ဆမာရာတွန်ဂါ ဗုဒ္ဓကောလိပ်နှင့် ဖိနရက္ခိတ ဗုဒ္ဓကောလိပ်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃာ့ကောလိပ်နှင့် မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်နှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်တို့ ဖြစ်သည်။

ဆက်လက်ကျင်းပမည်

အဆိုပါ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေးကို မတ် ၁၀ ရက်နှင့် ၁၁ ရက် တို့တွင် မကွေးတိုင်းရှိ ပုပ္ပားတောင်ဟိုတယ်၌ ဆက်လက် ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးတွင် ဗုဒ္ဓတက္ကသိုလ် ပညာရှင်တို့၏ နည်းစနစ်နှင့် အတွေ့အကြုံများကို အပြန်အလှန်ဖလှယ်ခြင်း၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ အစည်းအရုံးတစ်ခု ထူထောင်ခြင်း၊ နည်းပညာ၊ နည်းပြနှင့် ကျောင်းသားများ အပြန်အလှန်လဲလှယ်ရေး သဘောတူညီချက် စာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များ အစည်းအဝေး ဖွင့်ပွဲတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၃–၂၀၀၇ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အမွေခံထိုက်သူဖြစ်ပါစေ တရားတော်(ဒုတိယပိုင်း) [ဒေါက်တာအရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်ဆရာတော်)]
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ပျော်ရွှင်ကစားမွေလေ့ကား
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ပြည်သူ့လူထုအခြေပြု မျက်စိကျန်းမာရေး စောင့်ရှောက်မှု
၉း၁၀	(၇၉)ကြိမ်မြောက်အော်စကာဆုပေးပွဲအခမ်းအနား
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	လောကဥ္စအကောင်းဆုံးသောအမွေ
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနှင့်ဝတ်မှုန်ကူးခြင်း)
၁၁း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၀	မိုးလေဝသခန့်မှန်းချက်
၁၁း၅၅	စုပေါင်းနွှဲပျော်ဆွမ်းလောင်းပွဲတော်
၁၂း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀	Activities in The City
၁၂း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀	ရန်နံ့စုံထူးကဲ ဆပ်ပြာမွှေးခဲ
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
၁း၀၀	MRTV -4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီ အထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီ အထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၁၁း၅၅	Middlesbrough-Man Utd;	5-Sports(Live)

✡ ကျောဖုံးမှ

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဒုတိယရှေ့နေ ချုပ်ဦးမြင့်နိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအေဂျင်စီများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးခဲ့

ရှေးဦးစွာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် ၂၀၀၄ ခုနှစ် မတ် ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ၏ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်များဖြစ်သည့် လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် လူမှောင်ခိုမှု တိုက်ဖျက်ရေးတို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ ထို့နောက် ၂၉–၁၀–၂၀၀၄ ရက်နေ့တွင် မဟာမဲခေါင်ဒေသ (၆)နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာကို အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များကို ကောင်းစွာလိုက်နာ ကျင့်သုံးပြီး လူကုန်ကူးမှု ပြဿနာကို တိုက်ဖျက်နေကြောင်း ပြောကြားလိုကြောင်း။

အကာအကွယ်ပေး

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေသည် နစ်နာသောလူကုန်ကူးခံရသူများကို အဓိကပြု အကာအကွယ်ပေး ရေးဆွဲထားတာတို့ဖြစ်ကြောင်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းတာဝန်ပေးခဲ့သည့် ဒုတိယဝန်ကြီးများနှင့် ဒုတိယရှေ့နေချုပ်တို့ ဦးဆောင်သော လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်မှုများသည်လည်း လူကုန်ကူးခံရသူ အကာအကွယ်ပေးရေး၊ စောင့်ရှောက်ရေးနှင့် လူကုန်ကူးသူကို ဥပဒေအရ အပြစ်ပေးနိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးနောက် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်အတွင်းမှာ တားဆီးနှိမ်နင်းရေး ဆောင်ရွက်နိုင်မှုကို လေ့လာကြည့်လျှင် လူကုန်ကူးမှု ၆၀ ဖော်ထုတ်ခဲ့ပြီး လူကုန်ကူးခံရသူ ၂၀၀ ကယ်တင်နိုင်ခဲ့ကြောင်း၊ လူကုန်ကူးသူ ၂၉၉ဦးကို ဖမ်းဆီးခဲ့ပြီး ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များ ချမှတ်နိုင်ခဲ့ပြီး လက်ရှိကျင့်သုံးနေသည့် အမျိုးသားစီမံကိန်း၏ နည်းဗျူဟာလုပ်ငန်းစဉ် လေးရပ်ဖြစ်သော ကြိုတင်ကာကွယ်ရေး၊ ဥပဒေအရအရေးယူရေး၊ လူကုန်ကူးခံရသူများ အကာအကွယ်ပေးရေးလုပ်ငန်းနှင့် လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို ဗဟိုအဖွဲ့၏ အဖွဲ့ဝင်ဌာနဆိုင်ရာများ၊ ပြည်တွင်း NGO များ၊ ထို့အပြင် ယခုတက်ရောက်လာကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO များနှင့် လက်တွဲဆောင်ရွက်ခဲ့သည်ကို တွေ့ကြရပြီးဖြစ်ကြောင်း၊ **မိမိတို့အနေဖြင့် ယင်းလူကုန်ကူးမှုပြဿနာကို မျိုးချစ်စိတ်ကို အခြေခံပြီး မဖြစ်မနေဆောင်ရွက်ရမည့် တာဝန်တစ်ရပ်အဖြစ် ခံယူတိုက်ဖျက်သွားမှာဖြစ်ကြောင်း အလေးထားပြောကြားလိုကြောင်း။**

စီမံကိန်းရေးဆွဲ

လူကုန်ကူးမှုပြဿနာကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်အတွက် လိုအပ်သည့်အမျိုးသားအဆင့် ငါးနှစ်စီမံကိန်း ရေးဆွဲလာသည်မှာ ပဉ္စမအကြိမ်မူကြမ်းအထိ ပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းစီမံကိန်းမှာ မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးဆိုပြီး ကဏ္ဍကြီးငါးရပ်နှင့် စနစ်တကျရေးဆွဲထားခြင်းဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

နိဂုံးချုပ် အနေဖြင့် ပြောလိုသည်မှာ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာများပေါ်ပေါက်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အမျိုးသားအဆင့် စီမံကိန်းရေးဆွဲပြီး နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် ဘက်ပေါင်းစုံ ကဏ္ဍပေါင်းစုံမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရေးတို့အတွက် တိုက်တွန်း နှိုးဆော်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်က လုပ်ငန်း ဆောင်ရွက်မှုများကို ဆွေးနွေး တင်ပြသည်။

ထို့နောက် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဆောင်ရွက်နိုင်မှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ခင်မောင်စီက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းရေးဆွဲမှု အခြေအနေကို လည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် နိုင်ငံတကာအဖွဲ့အစည်းများက လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးချက်များအပေါ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။

အမှာစကား

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

အမျိုးသမီးများ ပညာပေးဟောပြောပွဲနှင့် စကားဝိုင်း ငွေဆောင်မြို့ သလပ်ခွာကျေးရွာ၌ ကျင်းပ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော အမျိုးသမီးများ အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီက ငွေဆောင်မြို့ သလပ်ခွာကျေးရွာတွင် ကျင်းပသည်။ (အောက်ပုံ)

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဆွေဝင်းက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်)အကြောင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အမျိုးသမီးများ ပြုစုပျိုးထောင်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်ဒေါ်ကြည်ကြည်မြက အမျိုးသမီးငယ်များပြန်လည်ပြုစုပျိုးထောင်ရေး လုပ်ငန်းရပ်များအကြောင်းကိုလည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခွဲ အတွင်းရေးမှူး ဒုတိယရဲမှူး ဒေါ်ဥမ္မာရင်မိက လူကုန်ကူးမှု တားဆီးကာကွယ် နှိမ်နင်းရေးအကြောင်းကိုလည်းကောင်း အကျယ်တဝင့် ဆွေးနွေးဟောပြောကြသည်။

ကျေးဇူးတင်စကား

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပေးအပ်သော အမျိုးသမီးရေးရာဝတ်စုံများ၊ တိုင်းရင်းဆေးများ၊ ဆပ်ပြာမွှေးများ၊ ဂျာနယ်မျိုးစုံများကို အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က ဒေသခံအဖွဲ့ဝင် ကိုယ်စားလှယ်တစ်ဦးအား ပေးအပ်ရာ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပြန်လည်ရှင်းလင်းပြောကြား

ဆက်လက်၍ စကားဝိုင်းတွင် အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က ကျန်းမာရေးဆိုင်ရာ အာဟာရအုပ်စုသုံးစုအကြောင်းကို ရှင်းလင်းပြောကြားရာ ဒေသခံများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်းနှင့် အဆိုပါ အခမ်းအနားသို့ ဒေသခံ အမျိုးသမီးရေးရာ အဖွဲ့ဝင် ၃၀၀ တက်ရောက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း လှိုင် မြို့နယ် အမှတ် (၁၀)ရပ်ကွက် ရတနာ သိင်္ဃ ပရိယတ္တိစာ သင် တိုက်ကျောင်းဆောင်သစ်နှင့် တိုးချဲ့မြေအတွက် အလှူငွေကျပ် နှစ်သိန်းကို လှိုင်မြို့နယ် လှိုင်မြင့်မိုရ် အိမ်ရာနေ ဦးနေဝင်း- ဒေါ်သီတာဝင်း မိသားစုတို့က ပဓာနနာယကဆရာတော် ဘဒ္ဒန္တနေမိန္ဒာဘိသိရီ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ ကုန်သည်/ စက်မှုအသင်းချုပ်နှင့် လုပ်ငန်းရှင်များ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ငွေလှူ

နေပြည်တော် မတ် ၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် မြန်မာနိုင်ငံကုန်သည်ကြီးများ၊ စက်မှုလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၇ရက် မွန်းလွဲပိုင်းက မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ရုံးခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် စီးပွားရေးလုပ်ငန်းရှင်များမှ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်က အလှူငွေပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်များက အလှူငွေများ ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ မုံရွာမြို့၊ စက်မှုဇုန်ရှိ သီဟထွန်း ကုမ္ပဏီလီမိတက်၏ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှု စက်ရုံသို့ ရောက်ရှိရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ခန့်၊ စက်ရုံမှူး ဦးမောင်မောင်တို့နှင့်အတူ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်မှု၊ ချင်းတွင်းသား လေးဘီးထွန်စက်ငယ် တည်ဆောက်မှုနှင့် စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြိတ်မြို့ မဟာဗောဓိစေတီ ရွှေထီးတော်တင်လှူ လေးကျွန်းဆီမီးစေတီ ဗုဒ္ဓပူဇနိယ တပေါင်းပွဲကျင်းပ

နေပြည်တော် မတ် ၉

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မတ် ၂ရက်(တပေါင်းလပြည့်နေ့) နံနက် ၇နာရီက မြိတ်မြို့နယ် ပသောင်းကျေးရွာ ရွှေဘုံသာဓမ္မရက္ခိတကုန်းမြေပေါ်တွင် တည်ထားကိုးကွယ်သော မဟာဗောဓိ၊ သမ္ဗုဒ္ဓေ၊ ကမ္ဘာ့အေးဘွဲ့ရ စေတီတော်မြတ် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အစီအစဉ်အရ ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ရေးမြို့ အောင်မင်္ဂလာ စကြံနိကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိသေနထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာကြားကြသည်။

ရေစက်သွန်းချ အမျှဝေ

ထို့နောက် တိုင်းမှူးနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်း၍ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တင်လှူပူဇော်

ထို့နောက် တိုင်းမှူးနှင့်အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို ပင့်ဆောင်ကာ စေတီတော်လိုဏ်အတွင်း လှည့်လည်ပူဇော်ပြီး မင်္ဂလာအချိန်တွင် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တနင်္သာရီတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကန်သာကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီးနောက် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆွမ်းဆန်တော်လောင်းလှူ

မတ် ၃ရက် ညနေပိုင်းတွင် လေးကျွန်းဆီမီးစေတီတော်ကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲကို ဗုဒ္ဓသာသနာ့ဗိမာန်တော်၌ ကျင်းပရာ တိုင်းမှူးနှင့်ဇနီး၊ တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များတက်ရောက်ကြည်ညိုကြပြီး သံဃာတော် ၉၂ပါး၊ သီလရှင် ၁၆ပါးတို့အား ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုလွှာ ပေးအပ်

ရန်ကုန်မြို့ သီရိ မင်္ဂလာ ကမ္ဘာအေးစေတီတော် ကြီး ၏ ဓာတ်တော်မြတ်များ အတွက် H.E Mr. Preecha Laohapongcaana မိသားစုက အလှူတော်ငွေ ကျပ်ခြောက် သိန်း လှူ ဒါန်း ရာ ဂေါပက အဖွဲ့ဝင် ဦးလှမင်း၊ ဦးစိန်ဦးတို့က လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကန့်သတ်ထားသည့်အရွယ် ကဏန်းများ မျိုးထိန်းသိမ်းရန် သဘာဝရေပြင်သို့ ပြန်လွှတ်ပေး

ရန်ကုန် မတ် ၉

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်နှင့် နိုင်ငံပိုင် သဘာဝရေပြင်များမှ ရေထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် အထူးအလေးပေး ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မော်လမြိုင်ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူးနှင့် အဖွဲ့သည် မော်လမြိုင်မြို့၌ ရေထွက်ကုန်ပစ္စည်း ဝယ်ယူ စုဆောင်းနေသည့် ကဏန်းအဝယ်ဒိုင်များသို့ ကွင်းဆင်းပြီး ငါးလုပ်ငန်းဦးစီးဌာနက မျိုးထိန်းသိမ်းရန် ကန့်သတ်ထားသည့် ၁၀၀ ဂရမ်အောက် ကဏန်းငယ်များ ရောင်းဝယ်စုဆောင်းခြင်းရှိ မရှိ လိုက်လံစစ်ဆေးသည်။

ထိုသို့လိုက်လံစစ်ဆေးရာတွင် ဒိုင်လေးဒိုင်၌ ကဏန်းရှာဖွေသူများထံမှဝယ်ယူစဉ် ပါလာသည့်ကန့်သတ်အရွယ် ကဏန်းငယ်များ စုစုပေါင်း အကောင် ၇၅၀၊ ၁၈ ပိဿာကို စစ်ဆေးတွေ့ရှိသဖြင့် ရောင်းချသူနှင့် ဝယ်ယူသူတို့အား ငါးလုပ်ငန်းဦးစီးဌာနက ပညာပေး စည်းရုံးပြောကြားပြီး အဆိုပါ ကဏန်းငယ်များကို သိမ်းဆည်းကာ မွန်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစိုးမြင့်၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသက်ဦးနှင့် လုပ်ငန်းရှင်များသည် မတ် ၁ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ သံလွင်ဆိပ်ခံတံတား၌ သံလွင်မြစ် သဘာဝရေပြင်သို့ ပြန်လည်လွှတ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှမ်းစပါး လျှော်ထားဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုး

နေပြည်တော် မတ် ၉

မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ်၂ရက် နံနက် ၇နာရီခွဲက မကွေးမြို့နယ် ပုတီးကုန်းကျေးရွာတွင် နွေစပါး ၁၀ဧက စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးရန်မြေယာပြုပြင်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် သဖန်းဆိပ်ကျေးရွာနွေစပါး ၂၂ဧက စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှရှောင်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးနှင့် တာဝန်ရှိသူများက ရေတင်ဧရိယာအတွင်း နွေစပါးဧက ၄၅၀၊ နွေနှမ်း ၃၈ဧကစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး တိုင်းဥက္ကဋ္ဌက နွေစပါးလျှော်ထားဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားရန်နှင့်စိုက်ပျိုးရေ အပြည့်အဝပေးနိုင်ရေးတို့အတွက် စနစ်တကျစီစဉ်ဆောင်ရွက်သွားရေး မှာကြားသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများနှင့် ဒဂုံတက္ကသိုလ် လမ်းပိုင်းဆိုင်ရာလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြိုဆို

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်၏ တော်ဝင်လမ်းခင်းကျင်းဆောင်ရွက်နေမှုနှင့် ရေမြောင်းဖောက်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဋ္ဌေးက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ သာကေတမြို့နယ်ရှိ ရွှေခင်းသာ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ တာမွေမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကင်းမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်းသွားရောက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ နွားနို့နှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သားနှင့် ရေချို၊ ရေငန်ငါးမျိုးစုံ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၏ စားအုန်းဆီ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်နှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အခွန်လွတ်ဈေးများ၌ ရောင်းချပေးလျက်ရှိသော ဟင်းသီးဟင်းရွက်၊ အသား၊ ငါးများနှင့် ကုန်ပစ္စည်းများကို လတ်ဆတ်ပြီးကျန်းမာရေးနှင့် ညီညွတ်မှုရှိသည်များကိုသာ စစ်ဆေးရောင်းချရန်မှာကြားပြီး ဈေးရောင်းချသူနှင့် ဈေးဝယ်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကင်းမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့်မိုင်းနင်းမိပေါက်ကွဲ ပဲခူးတိုင်း ထန်းတပင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်

နေပြည်တော် မတ် ၉

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား သေကျေ ဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ မတ်၆ရက် နံနက် ၁၁နာရီခွဲခန့်က ထန်းတပင်မြို့နယ် ကျောက်ကြီးပေါက်ကျေးရွာမှ ဦးခေါ်တော၏သား မင်းမင်း အသက် ၂၅နှစ်သည် ယင်း၏ ညီဖြစ်သူ လှစိုးနှင့်အတူ ထင်းနှင့်ဝါးများခုတ်ရန် ရွာအနီး တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ မင်းမင်း၏ ညာဘက်ခြေထောက် ခြေချင်းဝတ်အထက်မှပြတ်ပြီး ဘယ်ဘက်ခြေသလုံးတို့၌ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

ပံ့ပိုးကူညီ

အဆိုပါ မိုင်းထိဒဏ်ရာရရှိသည့် မင်းမင်းအား သက်ဆိုင်ရာတာဝန်ရှိသူများက ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော ပေ ၁၀၀ x၄၅ ပေရှိ နှစ်ထပ် သာသနာ့ဗိမာန်ကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်မိဘများဖြစ်ကြသော ဦးစိုးမြင့်–ဒေါ်မြဋ္ဌေး၊ ဦးသိန်းတန်–ဒေါ်အေးအေးထွေးတို့အား အမှူးထား၍ ဒေါက်တာဟန်ထွန်း–ဒေါ်ဝေမာလွင် သား မင်းထက်ပိုင်ထွန်းမိသားစု ၅၉ (အေ) ၄လမ်း ၃ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်က လှူဒါန်းငွေကျပ် ၂၅သိန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမာစာရထံ ဆက်ကပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ဆီးနှင့်ကျောက်ကပ်ရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံဆရာဝန်အသင်း ဆီးနှင့်ကျောက်ကပ်ရောဂါဆိုင်ရာအဖွဲ့က World Kidney Day ကို ကြိုဆိုသောအားဖြင့် စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲတစ်ရပ် (Continuous Medical Education Programme)ကို မတ် ၁၀ရက် (စနေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အဖြစ်များသည့် ဆီးနှင့်ကျောက်ကပ်ဆိုင်ရာ ရောဂါများနှင့်ပတ်သက်သည့် တွေ့ရှိချက်များကို ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီးများက ဟောပြောပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြပွဲဗဟိုကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ပြသရောင်းချလျက်ရှိသော ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၏ ပုလဲအတွဲများ ရောင်းချမှုနှင့် ကျောက်မျက်အတွဲများ ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ (အပေါ်ပုံ) **ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးသိန်းဆွေ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးမောင်တိုးနှင့် ဗဟိုကော်မတီဝင်များက လိုက်လံရှင်းလင်းပြသကြသည်။**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ ခင်းကျင်းပြသရောင်းချလျက်ရှိသော ပုလဲအတွဲပေါင်း ၃၁၀ကို ကြည့်ရှုစစ်ဆေးပြီး ပုလဲအတွဲများကို ကြည့်ရှုလေ့လာ၍ ဝယ်ယူနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမအပေါ်ဆုံးထပ်၌ ကျောက်မျက်အတွဲပေါင်း ၃၈၀ အား ခင်းကျင်းပြသရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက ကျောက်မျက်အတွဲများကို ကြည့်ရှုလေ့လာနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

ရွှေစာရံ ကေအမ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ဂေါက်သီးရိုက်ဖွင့်လှစ်ပေး

မန္တလေး မတ် ၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့က ကြီးမှူး၍ ၂၀၀၇ ခုနှစ် Shwe Sar Yan KM Golf Open Championship ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက် နံနက် ၇ နာရီခွဲက မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ကျင်းပရာ ပထမနေ့အပြီး၌ Professional Golfer မင်းနိုင်နှင့် Amature Golfer ဘိုဘိုနှင့် အောင်ဝင်း(မုံရွာ)တို့က ဦးဆောင်ကစားလျက်ရှိသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများသည် တီခုံအမှတ်(၁)တွင် နေရာယူကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်**(ဝဲပုံ)**၊ မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ MGF မှ ဦး ရေထက်ဒိုးနှင့် ကောင်းမြတ်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်မြင့် တို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

ထို့နောက် ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲကို စတင်ကျင်းပရာ Professional Golfer ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၆ ဦး၊ Amature Golfer ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၇၉ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီး တွင် Professional Golfer ပြိုင်ပွဲ၌ မင်းနိုင်က သတ်မှတ်ရိုက်ချက် လေးချက် လျှော့ရိုက်ပြီး ၆၈ ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။ သိန်းဇော်မြင့် (KM) နှင့် အေးလွင်တို့က သတ်မှတ် ရိုက်ချက် နှစ်ချက်လျှော့ရိုက်ပြီး ၇၀ ချက်စီဖြင့် ဒုတိယလိုက်နေကြသည်။

ဦးဆောင်

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီး တွင် Amature Golfer ပြိုင်ပွဲ၌ ဘိုဘိုနှင့် အောင်ဝင်း(မုံရွာ)တို့က သတ်မှတ်ရိုက်ချက် တစ်ချက် လျှော့ရိုက်ပြီး ၇၁ ချက်စီဖြင့် ဦးဆောင်ကစားလျက် ရှိပြီး ဘိုဘိုသုန် (KM) က ၇၃ ချက် ဖြင့် တတိယလိုက်နေသည်။

ဒုတိယနေ့ပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲက မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ Professional Golfer ပြိုင်ပွဲ၌ မင်းနိုင် က သတ်မှတ်ရိုက်ချက်ထက် သုံးချက် လျှော့ရိုက်ပြီး ၆၈+၆၉(၁၃၇)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ စိုးကျော် နိုင်နှင့်သိန်းဇော်မြင့် (KM) က ၁၃၉ ချက်ဖြင့်ပူးတွဲဒုတိယ လိုက်နေကြသည်။

Amature Golfer ပြိုင်ပွဲ၌ (အောင်ဝင်း၊ မုံရွာ)က သတ်မှတ်ရိုက် ချက်ထက် တစ်ချက်လျှော့၍ ၇၁+၇၁ (၁၄၂)ချက်ဖြင့် ဦးဆောင်ကစားလျက် ရှိသည်။ ဘိုဘိုက ၁၄၅ ချက်ဖြင့် ဒုတိယလိုက်ပြီး စိုးမိုးဝင်းက ၁၄၈ ချက် ဖြင့် တတိယလိုက်နေကြသည်။

ပံ့ပိုးကူညီ

ယင်းပြိုင်ပွဲတွင် KM Golf Centre က အဓိက ပံ့ပိုးကူညီပြီး Air Bagan၊ Niko၊ Sun Far Travels & Tours၊ Damco၊ Hertiage Sports & Golf၊ Bay of Bengal၊ Aung Kyun Thar၊ Shwe Tha Pyay၊ Imperial Jade၊ Maruman၊ Tourstage၊ Bridgestone Golf တို့က အသီးသီးပံ့ပိုးကူညီကြပြီး ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် KM Golf Center နှင့် Mandalay Golf Association တို့က တာဝန်ယူဆောင် ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ထွန်းဖောင်ဒေးရှင်းဘဏ်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

● ကျောဖုံးမှ

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန် ကြိုးပမ်းမှု တွင် အရေးနိမ့်သွားခဲ့ပြီးနောက် အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအား ဖိအားပေးရန်အတွက် လူ့အခွင့်အရေးကောင်စီအပါအဝင် နိုင်ငံတကာမျက်နှာစာအားလုံးကို အသုံးချဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ကြေညာထားခဲ့ပြီးဖြစ်ရာ ယင်းအစီရင်ခံစာသည် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးဦးတည်ချက်နှင့်အညီ မြန်မာနိုင်ငံအပေါ် ပိုမိုဖိအားပေးရန် မဟာဗျူဟာအကောင်အထည်ဖော်မှု၏ တစ်စိတ်တစ်ဒေသသာ ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် "ဖွံ့ဖြိုးတိုးတက်မှုရပိုင်ခွင့်" ဟူသော အခြေခံလူ့အခွင့်အရေး တိုးမြှင့် ရရှိရေးအတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်လျက်ရှိနေသည်မှာ ငြင်းကွယ်မရသော လက်တွေ့ဖြစ်ရပ်ပင် ဖြစ်သည်။ ပြည်သူတစ်ရပ်လုံး၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် တိုင်းရင်းသားလူမျိုး အများစုနေထိုင်ရာ နယ်စွန်နယ်ဖျားဒေသများအပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် မနား မနေ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလူမျိုးများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေး၊ လူမှုရေးအခြေအနေများ ပိုမိုတိုးတက်ကောင်းမွန် လျက်ရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်သည်။

နိုင်ငံတော်တစ်ဝန်း အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုပြီး အမေရိကန် ပြည်ထောင်စုက ထုတ်ပြန်သည့် အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်များနှင့် လွဲမှားစွာ ဖော်ပြထားသော အဓိပ္ပာယ်ကင်းမဲ့သည့် အစီရင်ခံစာသာဖြစ်ကြောင်း တွေ့ရှိရသည်။ ဤကဲ့သို့ လူ့အခွင့် အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးကြိုးပမ်းဆောင်ရွက်မှုကို အကြောင်းပြုပြီး နိုင်ငံအချို့ကိုသာ ရွေးချယ် ဝေဖန်မှုနှင့် စံနှုန်းနှစ်မျိုး ကျင့်သုံးမှုတို့ကိုလည်းကောင်း၊ နိုင်ငံရေး ထိုးနှက်ဖိအားပေးရန်ဟူသည့် ရည်မှန်းချက်အတွက် လူ့အခွင့်အရေးကိစ္စကိုအကြောင်းပြကာ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို မဟုတ်မမှန် စွပ်စွဲဖော်ပြခြင်းကိုလည်းကောင်း မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချသည်။

သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ၂၀၀၆ ခုနှစ်အတွက် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေအပေါ် တစ်ဖက်စောင်းနင်း အကဲဖြတ်ချက်များကို လုံးဝလက်မခံဘဲ ပယ်ချ လိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်။

လူ့အခွင့်အရေးကာကွယ်ရေးနှင့်မြှင့်တင်ရေးကြိုးပမ်းဆောင်ရွက်မှုကို အကြောင်းပြုပြီး နိုင်ငံအချို့ကိုသာ ရွေးချယ်ဝေဖန်မှုနှင့် စံနှုန်းနှစ်မျိုး ကျင့်သုံးမှုတို့ကိုလည်းကောင်း၊ နိုင်ငံရေး ထိုးနှက်ဖိအားပေး ရန်ဟူသည့် ရည်မှန်းချက်အတွက် လူ့အခွင့်အရေးကိစ္စကိုအကြောင်းပြကာ အခြား နိုင်ငံ၏ ပြည်တွင်းရေးကို မဟုတ်မမှန် စွပ်စွဲဖော်ပြခြင်းကိုလည်းကောင်း မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချ။

■ ရှေ့ဖုံးမှ

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဆိုသည့် အချက်များပင်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်တွင် မြင့်မားရေး၊ ထိန်းသိမ်းရေး၊ စောင့်ရှောက်ရေးနှင့် ရှင်သန်ထက်မြက်ရေးဆိုသည့် ဝိသေသနများပါရှိကြောင်း၊ မျက်မှောက် ခေတ်ကာလသည် သိပ္ပံနှင့်နည်းပညာ ရပ်များ၊ သတင်းနှင့် ဆက်သွယ်ရေး ဆိုင်ရာ နည်းပညာများ တိုးတက် ပြောင်းလဲမှုနှင့် ယှဉ်တွဲပြီး တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲနေသည့် အချိန်အခါဖြစ်ခြင်းကြောင့် မိမိနိုင်ငံ မိမိလူမျိုး၏ ယဉ်ကျေးမှုဆိုင်ရာ မူဝါဒကို ယိုယွင်းပျက်စီးသွားခြင်း မရှိ အောင် သတိနှင့်ယှဉ်ပြီး ထိန်းသိမ်း စောင့်ရှောက်သွားရမည့် အချိန်အခါဖြစ် ကြောင်း။

ကြိုးပမ်းတည်ဆောက်

ယနေ့ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး နယ်ပယ်အသီးသီး၌ မိမိတို့၏ အမျိုး သားရေး အကျိုးစီးပွား ရှုထောင့်ကနေ အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေ ကြကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်အနေဖြင့် အခြားကမ္ဘာ့နိုင်ငံများ နည်းတူ မိမိနိုင်ငံ မိမိလူမျိုးရှင်သန် ရပ်တည် နိုင်စေရေးအတွက် အမိနိုင်ငံ တော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင် တန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်း ဆောင်ရွက်နေရသည်သာမက ဘိုးဘွား အမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုကြီး အစွန်းရှည်တည်တံ့ခိုင်မြဲရေးအတွက်ပါ စောင့်ရှောက်နေရသော အခြေအနေ တွင်လည်းရှိနေကြောင်း၊ လွတ်လပ် သော အချုပ်အခြာအာဏာပိုင် နိုင်ငံ တစ်နိုင်ငံ ပီသစွာဖြင့် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေးဆိုသည့် ဦးတည်ချက် နှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုး တိုးတက်စေရန် မျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်း တည်ဆောက်နေချိန်ဖြစ် ကြောင်း။

အကျိုးရလဒ်ကောင်း

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက် မြက်ရန်ဆိုသည်မှာ မိမိနိုင်ငံ၊ မိမိလူမျိုး ၏သမိုင်းနှင့် အစဉ်အလာကို သိထား ရန်လိုကြောင်း၊ မိမိတို့ မြန်မာလူမျိုး သည် ရေးနှစ် သန်းပေါင်း ၄၀ ခန့် ကတည်းကရှိခဲ့သော လူသားမျိုးနွယ် များဖြစ်ကြောင်းကို ပုံတောင်ပုံညာ ဒေသ၌ ရှာဖွေတွေ့ရှိခဲ့သည့် ပရိုင်းမိတ် များက ခိုင်လုံသော သက်သေခံနေပြီ ဖြစ်ကြောင်း၊ ယင်းကိုလည်း နိုင်ငံ တကာပညာရှင်များက အသိအမှတ် ပြုထားကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာတိုင်းရင်းသားများသည် မြန်မာ့ ရေမြေ၌ ရှေးယခင်ကာလများကတည်း က ပေါက်ဖွားဆင်းသက်လာခဲ့သော လူမျိုးဖြစ်ကြောင်းကို အခိုင်အမာ မှတ် တမ်းတင်နိုင်ပြီဖြစ်ကြောင်း၊ သမိုင်း အစဉ်အလာကြီးမားသော မိမိတို့လူမျိုး ၏ ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် အသုံးအဆောင် ပစ္စည်းများကိုလည်း ရှာဖွေ တွေ့ရှိသုတေသနပြုပြီးဖြစ်ခြင်း ကြောင့် မိမိလူမျိုးတို့၏ ယဉ်ကျေးမှု သမိုင်းအစဉ်အလာ ကြီးမားခိုင်မာမှု အပေါ်ဂုဏ်ယူနိုင်ပြီဖြစ်ကြောင်း၊ ယခု ကဲ့သို့ ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်းဖြင့် အမျိုးသား ရေးစိတ်ဓာတ်နှင့် အမျိုးသားရေး စွမ်းရည်တို့ကို မြင့်မားစေမည်ဖြစ် ကြောင်း၊ ထို့အပြင်နိုင်ငံတော်၏ လွတ် လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှု ပြည်ထောင်စုကြီး အစွန်းရှည် တည်တံ့ခိုင်မြဲမှု စသော အကျိုးရလဒ်ကောင်းများ တစ်ပါတည်း ဖြစ်ထွန်းလာစေအောင် ကြိုးပမ်း ဆောင် ရွက်နိုင်မည်ဖြစ်ကြောင်း။

ကိုယ်ပိုင်ယဉ်ကျေးမှု

ယနေ့ခေတ်တွင် မကြေညာသော စစ်ပွဲများအဖြစ် လူမျိုးတစ်မျိုး၏ အခြေခံစိတ်ဓာတ်ကို ယိမ်းယိုင်သွား စေအောင် ယဉ်ကျေးမှုမျက်နှာစာကနေ ထိုးဖောက် ဝင်ရောက်နေကြသည့် အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ယဉ်ကျေးမှု ပွန်းပဲ့တိုက်စားခြင်း အန္တရာယ်ကို တွေ့ကြုံရင်ဆိုင်နေကြသည်ကို လေ့လာ သိရှိနိုင်ကြမည်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးကွဲ အောင် နိုင်ငံခြားသားများက မြန်မာ့ သမိုင်းကို အမျိုးမျိုးလုပ်ကြံဖန်တီးပြီး ရေးသားခဲ့ကြသည်ကိုလည်း တွေ့နိုင် ကြောင်း၊ အမှန်တစ်ကယ်မှာ ပြည် ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်း သားညီအစ်ကို မောင်နှမများသည် လူသားတစ်နွယ်တည်းက ဆင်းသက် လာခဲ့ကြသော တိုင်းရင်းသား လူမျိုး နွယ်စုများ ဖြစ်ကြသည်နှင့်အညီ အေး အတူ ပူအမျှ အတူတကွ စုပေါင်း နေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်း ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ နယ်မြေဒေသအလိုက် ကွဲပြားခြားနား သည့် ပထဝီ အခြေအနေများအရ ဝတ်စားဆင်ယင်မှုနှင့် ဘာသာစကား ပြောဆိုမှုမှာ အနည်းငယ်ကွာခြားသော် လည်း မိမိတို့ တိုင်းရင်းသားအားလုံး သည် ကတိသစ္စာ တည်ကြည်ခြင်း၊ ရိုးသားဖြောင့်မတ်ပွင့်လင်းခြင်း၊ ဖော်ရွေ ခြင်း၊ ရက်ရောခြင်း၊ စိတ်ရင်းစေတနာ ကောင်းခြင်း စသည့် အင်္ဂါရပ်များနှင့် တူညီစွာပြည့်စုံနေကြခြင်းသည်ပင်လျှင် မိမိတို့လူမျိုး၏ စရိုက်လက္ခဏာများ ဖြစ်ပြီး မြတ်နိုးဖွယ်ရာ ကိုယ်ပိုင် ယဉ်ကျေးမှုများဖြစ်ကြောင်း။

စတင်ဖွဲ့စည်း

ထို့ကြောင့် အသီးတစ်ရာ အညှာ တစ်ခုပမာဖြစ်သည့် မြန်မာတိုင်းရင်း နွယ်ဖွားတို့၏ သမိုင်းကြောင်းအတွက် ရှေးဟောင်း သုတေသနလုပ်ငန်းသည် အလွန်အရေးပါသော လုပ်ငန်းတစ်ရပ် ဖြစ်ကြောင်း၊ အလားတူပင် ရှိပြီးဖြစ် သည့် ရှေးဟောင်းအမွေအနှစ်များကို လည်း ဂုဏ်ယူလေးစားတန်ဖိုးထားပြီး ထိန်းသိမ်းကြရန်လိုကြောင်း၊ မြန်မာ့ ယဉ်ကျေးမှု အမွေအနှစ်များကို ထိရောက်အောင်မြင်စွာ ဖော်ထုတ် ထိန်းသိမ်းနိုင်ရေးအတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က ၁၉၉၃ ခုနှစ် ဇွန် ၂၅ ရက်တွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီ ကို စတင်ဖွဲ့စည်းပေးခဲ့ကြောင်း။

အမျိုးသားရေးတာဝန်

ယခုအခါ မျက်မှောက်ခေတ် နိုင်ငံ တော်၏ တိုးတက်ပြောင်းလဲမှုများနှင့် အညီ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်း ရေးကဏ္ဍကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက (၂၆–၉–၂၀၀၆) ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၀၆) ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေး ဗဟိုကော်မတီ ကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ် ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ ယနေ့တိုင် အထင်အရှား ကျန်ရှိနေသေးသည့် ရှေးဟောင်း အဆောက်အအုံများနှင့် စေတီပုထိုးများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများကို ပီပြင်စွာဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်း များကို စနစ်တကျထိန်းသိမ်းခြင်း၊ မပျောက်ပျက်ရအောင် ကာကွယ် စောင့်ရှောက်ခြင်း၊ ဖော်ထုတ်ရန် ကျန်ရှိ နေသေးသည့် ရှေးဟောင်းနေရာများကို ဆက်လက်တူးဖော်ခြင်းစသော ယဉ် ကျေးမှု ဖော်ထုတ်ထိန်းသိမ်းရေး လုပ်ငန်းများသာမက အနုပညာကဏ္ဍ တွင်လည်း မြန်မာ့အနုပညာကို ကမ္ဘာ က လေးစားတန်ဖိုးထားလာနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ စီမံဆောင်ရွက်မှုများကို ဖော်ဆောင်ရင်း နှင့် မိမိတို့၏ မြင့်မားသော ယဉ်ကျေးမှု အမွေအနှစ်များကို နိုင်ငံသူ နိုင်ငံသား များက လေးစားမြတ်နိုး တန်ဖိုးထား တတ်သည့်အပြင် ကမ္ဘာ့အလယ်၌ ယဉ် ကျေးမှုအရ ထင်ရှားကျော်ကြားရေး အတွက်လည်း အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် တိုးတက်ဆောင်ရွက် ကြရန်လိုကြောင်း ပြောကြားသွား သည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော် ထုတ်ထိန်းသိမ်းရေး ဆောင်ရွက်မှုအခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းမှာကြား

ဆက်လက်၍ ရှေးဟောင်းသုတေ သန၊ အမျိုးသားပြတိုက်နှင့် စာကြည့် တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ် ထိန်းသိမ်း ရေး ဗဟိုကော်မတီဖွဲ့စည်းမှု၊ ၁၉၉၈ ခုနှစ် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ ဇုန်နယ်နိမိတ်များ သတ်မှတ် ပြဋ္ဌာန်းမှု၊ လူသားအစ မြန်မာကဟု သက်သေပြနိုင်မည့် ပရိုင်းမိတ်ကျောက် ဖြစ်ရုပ်ကြွင်းများ ရှာဖွေဖော်ထုတ်မှု၊ ကြေးခေတ်ယဉ်ကျေးမှုဆိုင်ရာ တူးဖော် သုတေသနဆောင်ရွက်မှုများ၊ မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်း ဝတ္ထုပစ္စည်းများ ရှာဖွေစုဆောင်း ထိန်းသိမ်းမှု၊ ပုဂံရွှေနန်းတော် ပြန်လည် ဖော်ထုတ် တည်ဆောက်မှု၊ ပုဂံယဉ် ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်း ဘုရားပုထိုး၊ စေတီအုတ်ကျောင်းများ ပြုပြင်ထိန်းသိမ်းမှု၊ သဘာဝဘေး အန္တရာယ်ကြောင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ ပျက်စီးမှုကို အရေးပေါ် ထိန်းသိမ်းကာကွယ်မှု၊ ဇုန်ဝင်ကြေးနှင့် ပြတိုက်ဝင်ကြေးများ ကောက်ခံရရှိမှု အခြေအနေများကိုလည်းကောင်း၊ အနု ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ် ဒေါ်နန္ဒာမွန်းက မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပမှု၊ ယဉ်ကျေးမှုတက္ကသိုလ်များ တွင်ရုပ်ရှင်နှင့် ပြဇာတ်ပညာဘွဲ့အပ်နှင်း နိုင်ရေး ဆောင်ရွက်မှုအခြေအနေများ ကိုလည်းကောင်း၊ သမိုင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်က သမိုင်းသုတေ သနဦးစီးဌာန၏ လုပ်ငန်းဆိုင်ရာများ ကိုလည်းကောင်း ရှင်းလင်းတင်ပြ ကြရာ အတွင်းရေးမှူး(၁)က လိုအပ် သည်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်း လင်းတင်ပြချက်များအပေါ် ပြန်လည် ဆွေးနွေးမှာကြားပြီး ယဉ်ကျေးမှုအမွေ အနှစ်များသည် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်သန်ရေး အတွက်သော်လည်းကောင်း၊ သမိုင်း အထောက်အထား အနေဖြင့်သော် လည်းကောင်း၊ ယဉ်ကျေးမှုအနုပညာ အနေဖြင့်သော်လည်းကောင်း လွန်စွာ တန်ဖိုးကြီးမားသည့် အမျိုးသားအမွေ အနှစ်များဖြစ်သည့်အတွက် ရှေးဟောင်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ခြင်းအပြင် ထိန်းသိမ်း စောင့်ရှောက်ခြင်းလုပ်ငန်းများကိုလည်း စနစ်တကျ ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွား ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် အတွင်း ရေးမှူး(၁)နှင့် ဗဟိုကော်မတီဝင်များ သည် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ၌ ခင်းကျင်းပြသထားသော ယဉ်ကျေးမှု အမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနက ထုတ်ဝေခဲ့သော စာအုပ်စာတမ်း များကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ကျိုင်းတုံ၊ မိုင်းဖြတ်၊ တာချီလိတ်သို့ စာပေဟောပြောပွဲခရီး

ချစ်နိုင်(စိတ်ပညာ)

နှစ်သစ်နှစ်ဦး

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှာ ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာအလင်း စာကြည့်တိုက် ဖွင့်ပွဲ (အလှူရှင် ဦးကံလှ-ဒေါ်ပိုမိသားစုက မြေနှင့် တစ်ထပ်တိုက် ပေ ၄၀၊ ပေ ၃၀ အဆောက်အအုံ အပါအဝင် တန်ဖိုးကျပ်သိန်း တစ်ရာကျော်လှူဒါန်းပွဲ)နဲ့ ဆိပ်ခံဗောတံတား(အလှူရှင် ဦးကြိုင်မိသားစု) အသစ်ဖွင့်ပွဲ၊ ကျေးရွာလူထု စုပေါင်းခင်းကြတဲ့ အင်္ဂတေလမ်းသစ်တစ်ခု ဖွင့်ပွဲတို့ကို တက်ရောက်ခဲ့ပါတယ်။ ဖျာပုံခရိုင် အတွင်းရေးမှူး ဦးဘုန်းမြင့်၊ ဘိုကလေးမြို့နယ် ဥက္ကဋ္ဌ ဦးစိုးသိန်းတို့က ဖွင့်လှစ်ကြပါတယ်။ စာရေးသူကတော့ စာကြည့်တိုက်ဖွင့်ပွဲအတွက် တက်ရောက်အားပေးတဲ့အနေနဲ့ပါ။

ဇန်နဝါရီလ ၁၄ ရက်နေ့ နံနက်မှာတော့ စာရေးဆရာ ချစ်စံဝင်း၊ မြင်းမူမောင်နိုင်မိုး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)တို့နဲ့အတူ လေကြောင်းခရီးဖြင့် ရန်ကုန်မှ ကျိုင်းတုံသို့ နံနက် ၉ နာရီမိနစ်၄၀ မှာ ထွက်ခွာခဲ့ကြပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်၊ မိုင်းဖြတ်နဲ့ ကျိုင်းတုံခရိုင်များအတွင်းမှာရှိကြတဲ့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထိတွေ့ကွင်းဆင်းလေ့လာခြင်းခရီးပါ။ စာပေဟောပြောပွဲတွေလည်း ပြောကြဖို့ပါ။ စာရေးဆရာတွေ ပြောကြ၊ ဟောကြတယ်ဆိုတာလည်း စာအကြောင်း ပေအကြောင်းတွေပါပဲ။ စာပေနဲ့ မနီးစပ်သူတွေကို စာဖတ်ဖြစ်အောင် ဆွဲဆောင်စည်းရုံးကြတဲ့သဘောပဲ။ စာဖတ်နေကြသူတွေကိုလည်း ဆက်လက်ပြီး စာဖတ်ရှိန်မြင့်လာအောင် အားပေးရာ ရောက်တာပေါ့။ မြင်းမူမောင်နိုင်မိုးက အမျိုးသားစာပေဆု လေးကြိမ်ရဖူးတဲ့ ကဗျာဆရာပါ။ ဆရာချစ်စံဝင်းက နှစ်ကြိမ်၊ မောင်ငြိမ်းသူနဲ့ စာရေးသူတို့က တစ်ကြိမ်စီ ရခဲ့ဖူးကြပါတယ်။ ညှိနှိုင်းမထားဘဲ အမျိုးသားစာပေဆုရ စာရေးဆရာချည်းလေးဦး အတူသွားကြတဲ့ခရီးပါ။

ရှမ်းအရှေ့ခရီး

မြင်းမူမောင်နိုင်မိုးက စစ်မှုထမ်းဘဝနဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ တာဝန်ထမ်းခဲ့ဖူးပါတယ်။ သူက စစ်မှုထမ်းဟောင်း အချိန်ကာလ နှစ်ပေါင်း ၂၀ကျော်မှ နောက်တစ်ခေါက် ပြန်ရောက်ရတာပေါ့။ ဆရာချစ်စံဝင်းလည်း ရောက်ခဲ့ဖူးတာ နှစ်ပေါင်း ၃၀ နီးပါးကြာပါပြီတဲ့။ မောင်ငြိမ်းသူကတော့ ပထမအကြိမ်ပေါ့လေ။ စာရေးသူကတော့ ကျိုင်းတုံ၊ မိုင်းဖြတ်နဲ့ တာချီလိတ်တို့ကို ငါးခေါက်လောက် ရောက်ဖူးပါရဲ့။

မြန်မာ့လေကြောင်း ဂျက်လေယာဉ်ဟာ ရန်ကုန်-ကျိုင်းတုံခရီးစဉ်ကို တစ်ယောက်လျှင် လေယာဉ်ခ ကျပ် ၄၇၀၀၀ ကျပါတယ်။ အသွားအပြန် ခရီးစရိတ်ကပင် ကျပ်တစ်သိန်းစီလောက်ရှိတာမို့ စာရေးဆရာလေးယောက်အတွက် အိမ်ရှင်စာပေနဲ့ စာနယ်ဇင်းအဖွဲ့များအဖို့ ငွေကုန်ကြေးကျက မနည်းလှပါဘူး။ ဒီတော့ ဖိတ်ခေါ်ရကျိုးနပ်အောင် မိမိတို့ စွမ်းသမျှ အကောင်းဆုံး ဟောပြောကြမယ်လို့ ရည်ရွယ်ကြပါတယ်။ လေယာဉ်လက်မှတ်ခက မြန်မာ့လေကြောင်းမို့ သက်သာနေသေးတာ။ အခြားလေကြောင်းကုမ္ပဏီများဆိုရင် တစ်ယောက် ကျပ် ၇၈၀၀၀ ပါတဲ့ဗျာ။ လေယာဉ်ခသက်သက် အသွားအပြန် တစ်သိန်းခွဲကျော်မှ ရောက်နိုင်မယ်။ တန်ဖိုးကြီးတဲ့ခရီးမို့ တန်ဖိုးရှိအောင် လေ့လာမယ်၊ ဟောပြောမယ်၊ ပြန်လည်ရေးသားကြမယ်။ စာရေးဆရာများ ကြံရွယ် ထားကြတဲ့အတိုင်း ဆရာချစ်စံဝင်း၊ မြင်းမူမောင်နိုင်မိုးနဲ့ မောင်ငြိမ်းသူတို့ဟာ ဂျာနယ်၊ မဂ္ဂဇင်းများမှာ အလျဉ်းသင့်သလို ရေးသားခဲ့ကြပါတယ်။ တာဝန်ကျေကြပါပေတယ်။

ကျိုင်းတုံလေဆိပ်

ဒီတနင်္ဂနွေနေ့မှာ ရန်ကုန်-ကျိုင်းတုံ မြန်မာ့လေကြောင်း ခရီးစဉ် လေယာဉ်လက်မှတ် ရခဲ့ကြတာကိုပဲ ဝမ်းသာကြရတယ်။ ဈေးသက်သာပြီး ဂျက်လေယာဉ်ပီပီ မြန်လည်းမြန်၊ ညက်လည်း ညက်ညောတယ်လေ။ မွန်းလွဲ ၁၂ နာရီကျော်ကျော်မှာပဲ ကျိုင်းတုံ လေဆိပ်သို့ ဆိုက်ရောက်သွားကြပြီ။ လေဆိပ်ကြီးဟာ အသစ်တိုးချဲ့ထားလို့ ကွင်းအကျယ်ကြီး။

ကျိုင်းတုံမှာရှိကြတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြအောင်၊ ခရိုင်နှင့်မြို့နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ စာပေနဲ့စာနယ်ဇင်းအဖွဲ့ဝင်များ တစ်စုတဝေးကြီး လေဆိပ်မှ ဝမ်းသာအားရ ကြိုဆိုကြတယ်။ သံလွင်မြစ်ရဲ့ အရှေ့ဘက်ခြမ်းဆီသို့ စာရေးဆရာအဖွဲ့ ရောက်ခဲ့တယ်။ လွန်ခဲ့သော ၄၊ ၅ နှစ်ဆီက မိုင်းဆတ်၊ တာချီလိတ်မြို့များသို့ ဆရာအီကြာကွေး၊ ချစ်ဦးညို၊ မောင်စိန်ဝင်း(ပုတီးကုန်း)တို့ ရောက်ခဲ့ပါတယ်။ ဆရာကျော်အောင်၊ ဆရာမောင်ဆုရှင်၊ ဆရာမကြူကြူသင်းနှင့် ဆရာမ ဒီဇင်ဘာမွန်းတို့လည်း ရောက်ခဲ့ပါတယ်။ ဤမျှသာရှိ၏။ လက်ချိုး ရေတွက်လို့ ရလောက်အောင် နည်းပါးခဲ့ပါရဲ့။ စာရေးသူတို့ ဇန်နဝါရီလတွင် လာရောက်ခြင်းသည်ကား ရှမ်းအရှေ့ဒေသအတွက် ခက်ခက်ခဲခဲ ရှားရှားပါးပါးခရီးအဖြစ် လှိုက်လှဲဖော်ရွေစွာ ကြိုဆိုကြပါတယ်။

တာချီလိတ်သို့

နေ့လယ်စာ စားပြီး ကားတစ်စီးနဲ့ ကျိုင်းတုံမှမိုင်းဖြတ်၊ တာချီလိတ် လမ်းမကြီးအတိုင်း ဆက်လက်ထွက်ခွာလာကြတယ်။ ကျိုင်းတုံနဲ့မိုင်းဖြတ်က ၅၁မိုင်၊ မိုင်းဖြတ်မှ တာချီလိတ်က ၅၁မိုင်၊ ကျိုင်းတုံမှ တာချီလိတ်အထိ ခရီးအကွာအဝေး ၁၀၂ မိုင်လောက်ရှိတာပေါ့။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော် ကာလမှာ တစ်ရက်ခရီးနဲ့ရောက်ဖို့ မလွယ်တဲ့လမ်းကြမ်းကြီးပါ။ ယခု လေးလမ်းသွား နိုင်လွန်ကတ္တရာဟိုက်ဝေးလမ်းဟာ ဖြောင့်လည်းဖြောင့်၊ ကျယ်လည်းကျယ်၊ ကိုယ်ပိုင်ကားနဲ့ မနားတမ်းမောင်းမယ်ဆိုရင် အချိန် သုံးနာရီမကြာဘဲ ရောက်သွားနိုင်တယ်လေ။ တပ်မတော်အစိုးရဟာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးကို အလေးထား ဆောင်ရွက်ခဲ့လေတော့ သွားလာရေးမှာ အလွန်တိုးတက်ကောင်းမွန်လာပါတယ်။

ခရီးဝေးလမ်း

ကျိုင်းတုံမြို့နယ်ထဲက ယန်းခရွာမှာ ခဏဝင်ကြည့်ကြတယ်။ ကျေးရွာမှာ ရှမ်း၊ ကချင်၊ အခါ၊ လီရှော၊ ဗမာတိုင်းရင်းသားမျိုးစုံ ချစ်ကြည်စည်းလုံးစွာ နေထိုင်ကြပါတယ်။ အိမ်ခြေ ၉၅ အိမ်၊ စိုက်ပျိုးရေးအဓိက ထားတဲ့ လယ်သမားရွာ၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ကို ဝါး၊ သက်ကယ်များနဲ့ မကြာမီက ရွာသူ၊ ရွာသားတွေစုပေါင်းပြီး ပေ၂၀x ပေ၃၀ အဆောက်အအုံကို တစ်ရက်တည်းနဲ့ပြီးစီးအောင် ဆောက်လုပ်ခဲ့ကြတယ်။ စာရေးသူတို့ ရောက်ရှိသွားကြတဲ့အချိန်မှာ ဝါးရနံ့သင်းသင်း မွှေးလေးဟာ စိမ်းစိုဆဲဝါးများမှ အနံ့ရပါတယ်။ စုရုံးရောက်ရှိလာကြတဲ့ ရွာသူ၊ ရွာသားတွေကို ရန်ကုန်မှလာကြတဲ့ စာရေးဆရာ လေးဦးက တစ်ယောက်ဆယ်မိနစ်စီလောက် ဟောပြောခဲ့ကြပါတယ်။

ခွင့်ကြုံဟောပြောပွဲ

ဆရာချစ်စံဝင်းက ငရဲဘုံနဲ့ကောင်းကင်ဘုံကွာခြား၊ ကွဲပြားပုံ(ပုံပြင်) လေးတစ်ပုဒ် ဟောပြောပါတယ်။ လူတစ်ယောက်ကို ယမမင်းကရောက်ဖူး၊ မြင်ဖူးအောင် ခေါ်သွားပါတယ်။ တစ်နေရာမှာ လူတွေဟာ ပိန်ချုံးညှိုးနွမ်း၊ စိတ်ညစ်၊ စိတ်တို၊ အလိုမကျ၊ ဒေါပွနေကြတယ်။

စားပွဲပေါ်မှာ စားကောင်းသောက်ဖွယ်မျိုးစုံရှိနေပေမယ့် သူတို့ရဲ့ လက်နှစ်ဖက်မှာ လေးပေစီရှည်လျားတဲ့ ခက်ရင်းနဲ့ဓားက အထပ်ထပ် ကြိုးစည်းထားလို့ မိမိတို့ ပါးစပ်ထဲသို့ခွံ့၍မရ၊ စားလို့မရ၊ ဒုက္ခဖြစ်ပြီး ငတ်မွတ်ဆာလောင်နေကြသတဲ့ကွယ်။ အဲဒါငရဲ။

ငရဲနဲ့ကောင်းကင်ဘုံ

နောက်တစ်နေရာ ရောက်တော့လည်း စားပွဲပေါ်မှာ စားစရာ သောက်စရာတွေ အပြည့်အစုံနဲ့ ယခင်နေရာလိုပါပဲ။ သို့သော် လူတွေကတော့ ဝဝဖြိုးဖြိုး၊ စိုစိုပြည်ပြည်နဲ့။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ မိမိကိုယ်တိုင် ခွံ့စားလို့မရတဲ့ လေးပေရှည်လျား ခက်ရင်းနဲ့ ထမင်းစား ဓားတို့ကိုပင် အသုံးပြုပြီး သူတစ်ပါးကို ခွံ့ကျွေးပေးနေကြတာကြောင့်ပါ။ ဘယ်သူမှ မစားရဘူးလို့ မရှိ၊ အပြန်အလှန် ကျွေးမွေးပြီး အားလုံးဟာ ပျော်ရွှင်နေကြတယ်။ သီဆိုကခုန်လို့တောင် နေကြပါသတဲ့၊ အဲဒါဟာ ကောင်းကင်ဘုံတဲ့လေ၊ ငရဲနဲ့ ကောင်းကင်ဘုံရဲ့ အဓိက ကွာခြားချက်က အခြေအနေမဟုတ်ဘူး၊ အခြေအနေက အားလုံးအတူတူပဲ၊ လုံးဝမကွဲပြားပါဘူး။ ခြားနားချက်က တစ်ခုတည်းပါ။ လူတွေရဲ့ စိတ်သဘောထားအမြင်မှာ မေတ္တာ ပါ၊ မပါ။

ငါမှ ငါ။ ငါ့အတွက်သာ စဉ်းစားလုပ်ဆောင်မှုနဲ့ မိမိနဲ့ သူတစ်ပါး၊ လူအများဟာ တစ်သားတည်းပါလားလို့ မျှတစွာ ခံယူတတ်တဲ့အမြင်။ အဲဒါက ဘဝကို ကွဲပြားစေတယ်။ ဆရာချစ်စံဝင်းက ပရိသတ်လူငယ်တွေ၊ ကလေးတွေပါ စိတ်ဝင်စားအောင် ပြောပြတတ်တယ်။ အားလုံးပဲ ပုံပြင် နားထောင်ရတာ သဘောကျကြတယ်။

ကဗျာရွတ်ဆို

ဆရာမြင်းမူမောင်နိုင်မိုးက **"ပျားနှင့်ယင်"**ဆိုတဲ့ ကဗျာတစ်ပုဒ်ကို ရွတ်ဆိုပြီး အဓိပ္ပာယ် တိုတိုရှင်းပြပါတယ်။

ပျားနှင့်ယင်

* ပျားကောင်တွေ သဘာဝ
မြင့်လှတဲ့ သစ်ကိုင်းတွင်။
သန့်ရှင်းချိုကြည်တဲ့
ပန်းဝတ်ရည် သယ်ဆောင်သုံးပါလို့
စည်းလုံးချစ်ခင်။
ပျားအုံကြီးတစ်ခုတွင်
ပျားကောင်လျှင် အသိန်းအသန်း။
ပျားတစ်ကောင်မထိလေနှင့်
အားဆောင်သည့် သဏ္ဌာန်ပုံဖြင့်
ရန် ကုန်အောင် မာန်ဟုန်သစ်လို့
တိုက်စစ်ဆင် တပ်လှန့်နိုးတယ်
မျိုးချစ်စိတ်လွှမ်း။

* ယင်ကောင်တွေ သဘာဝ
နိမ့်ကျသည့် မြေပေါ်တွင်။
အပုပ် အစပ်တွေနဲ့
အဟုတ်မှတ်ကာ အညီအဟောက်ကိုမှ
စားသောက် ခုံမင်။
တစ်ကောင်နှင့်တစ်ကောင်လျှင်
ချစ်ခင်တဲ့ စိတ်မရှိ။
သူ့အစာ ကိုယ်ဝင်လု
ကိုယ့်အစာ သူဝင်လု
လုယက်ကာ အစာမရင်း
သေပွဲဝင်၏။

* အမိမြေ နေခြည်အောက်မှာတဲ့
အမိမြေ ရေကြည်သောက်ပါလို့
ထွန်းပေါက်ကာ လူ့ဘဝ
ရခဲ့တဲ့ အိုအသင်။
ပျားကောင်လိုဖြစ်ချင်သလား။
ယင်ကောင်လို ဖြစ်ချင်သလား။
စဉ်းစားဆင်ခြင်။
မြင့်မြတ်တဲ့ စိတ်ဓာတ်လျှင်
ပျားကောင်တွင် အပြည့်။
နိမ့်ကျတဲ့ စိတ်ဓာတ်လျှင်
ယင်ကောင်တွင် အရှိ။
ပျားဖြစ်ချင် ပျားလိုကျင့်
ယင်ဖြစ်ချင် ယင်လိုကျင့်
မြင့်မြတ်တဲ့ နှလုံးသားအသွင်နဲ့
အရှုံးသမား မဖြစ်ရေးကိုဖြင့်
မျိုးချစ်မာန် ဓာတ်သွေးနှင့်
ရွေးသင့်တကား။

ဘဝလှချင်လျှင်

ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)က အပြင်အဆင် ရုပ်လှချင်ရင် မှန်ကိုကြည့်၊ ဘဝလှချင်ရင် စာကိုကြည့်၊ စာဖတ်မှ ဘဝအမြင် ရှင်သန်မယ်။ ပညာခေတ်မှာ ပညာဗဟုသုတရှိကြမှ လူ့ဘဝဟာ တန်ဖိုးရှိမယ်။ ဘဝလှချင် စာကြည့်ပါဆိုတာ ထိထိမိမိ ဟောပြောခဲ့ပါတယ်။
စာရေးသူကတော့ ဒီကယူသွားတဲ့မဂ္ဂဇင်း၊ ဂျာနယ်လက်ဆောင်များကို ကျေးရွာစာကြည့်တိုက်အတွက်ပေးလှူခဲ့ပါတယ်။ အချိန်ကိုငဲ့သောအားဖြင့် မပြောခဲ့။ စာအုပ်အရေအတွက်လည်း များများစားစား မရှိရှာပါ။ ယန်းခရွာရှိ ကျေးရွာလူထုဟာ အိုးစည်များ တထုံထုံတီးကာ ဝမ်းသာကြည်နူးစွာ နှုတ်ဆက်လက်ပြ ကျန်ရစ်ခဲ့ကြပါတယ်။

ကျေးလက်နေ တောသူတောင်သားတွေဟာ ပင်ကိုရိုးသားကြပါတယ်။ အဲဒါ အားသာတယ်။ ကောင်းတယ်။ အနေရိုးတာနဲ့အမျှ ရောင့်ရဲတင်းတိမ်တတ်ကြတယ်။ ကြိုးစားအားထုတ်မှု နည်းရင်တော့ မကောင်းဘူး။ တိုးတက်ချင်စိတ် ရှိကြရပါမယ်။ ဘဝကို မြှင့်တင်ကြမယ်။ စာအုပ်စာပေတွေကို အထောက်အကူယူမယ်လို့ သိမြင်အောင် စာရေးသူတို့ များစွာ လှုံ့ဆော်ကြရပါဦးမယ်။

ခရီးဆက်ကြ

ယန်းခကျေးရွာမှတစ်ဆင့် မိုးဖြတ်မြို့၊ တာလေမြို့များကို ဖြတ်ကာ တာချီလိတ်မြို့ဆီသို့ ဇန်နဝါရီလ ၁၄ ရက်၊ ထိုနေ့အရောက် ဆက်လက်ခရီးထွက်ခဲ့ကြပါတယ်။ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နဲ့ နမ့်မယ်ဆိုင်ချောင်းသာ ခြားတဲ့ တာချီလိတ်မြို့သို့ ညနေ ၄ နာရီမထိုးမီ ရောက်ရှိသွားကြပါတယ်။

အဆောက်အအုံ၊ အဝတ်အစား၊ အစားအသောက်၊ အပြောအဆို၊ အပြုအမူ၊ ကားများ၊ ဆိုင်ကယ်များ၊ လမ်းများ၊ မြန်မာပြည်ရဲ့ အရှေ့ဖျားရှိ နယ်စပ်မြို့ရဲ့ ဥပမိရုပ်များဟာ မြန်မာ့ရေ၊ မြန်မာ့မြေ ပီသနိုင်မာနေဆဲပါ။ တာချီလိတ်မြို့အထက်က ရွှေတိဂုံပုံတူစေတီတော်ကို ရွှေသက်န်းဝင်းဝင်းဖြာဖြာနှင့် ဖူးမြော်ကြည်ညိုရတာကပင် ရင်တွင်း၌ အေးမြကြည်နူး လှပါတယ်။ ။

ဗုဒ္ဓပူဇနိယပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရခိုင်ပြည်နယ် မြောက်ဦးမြို့ သျှစ်သောင်း၊ ထုက္ကန့်သိမ်၊ အံတော်သိမ်ဘုရားများ (၇၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၃၀ ရက်မှ ဧပြီ ၅ ရက်အထိ (၁၃၆၈ ခု တန်ခူးလဆန်း ၁၃ ရက်မှ တန်ခူးလပြည့်ကျော် ၄ ရက်အထိ) ခုနစ်ရက်တိုင်တိုင် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ မြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီး လောင်းလှူပွဲ၊ ရခိုင်ရိုးရာပွဲများနှင့် ပျော်ပွဲရွှင်ပွဲ မြောက်မြားစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ရက်အတွင်း ပါဝင်ရောင်းချလိုသူများသည် ဦးရဲဘော်စိန် ဖုန်း-၀၄၃-၂၄၂၀၀၊ ၅၀၀၉၇၊ ဦးဦးလှမြင့် ဖုန်း-၀၉ ၅၀ ၀၂ ၈၃၁၊ ၆၈၀၆၇၂၊ ၆၈၁၈၂၆၊ ဖုန်း-၀၄၃-၂၄၂၀၀၊ ၅၀၂၃၂၊ ၅၀၂၃၅၊ ၅၀၂၃၈၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁၄၀၄၀၇၊ ၂၉၈၁၅၄၊ ဦးထွန်းရွှေသိန်း ဖုန်း-၀၉-၅၁၂၃၁၆၆ နှင့် မြောက်ဦးမြို့ သျှစ်သောင်းဂေါပကအဖွဲ့ဝင်များသို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

အခြေခံကွန်ပျူတာ သင်တန်းဖွင့်

လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ပညာအလင်း ခေတ်မီစာကြည့်တိုက် ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ အခြေခံကွန်ပျူတာ အမှတ်စဉ် (၂/၂၀၀၇) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ရက်က စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး သင်တန်းသို့ သင်တန်းသူ၊ သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချသွားမည် ဖြစ်သည်။

ဝိပဿနာ ၁၀ရက် တရားစခန်း

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ တရားစခန်း၏ သင်္ကြန်အထူးတရားပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းပွဲတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော် ဦးအဂ္ဂဉာဏက ပဋိစ္စသမုပ္ပါဒ်နှင့် ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ပေးတရားတော်မြတ်ကို ဟောကြားပြသပေးမည်ဖြစ်သည်။ စာရင်းပေးသွင်းထားသည့် ယောဂီများ ဧပြီ ၁၀ရက် အရောက်ကြွရောက်ပါရန် နှိုးဆော်ထားသည်။

စတုဘုမ္မိက တရားစခန်းပွဲ

ပဲခူးတိုင်း နတ်တလင်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာ စတုဘုမ္မိက ကျောင်းတိုက်တွင် ၄က်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယကဘဒ္ဒန္တ မေဓာဝံသ(ဓမ္မကထိက)၊ ဘဒ္ဒန္တ ကုမာရ (သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)နှင့် စတုဘုမ္မိက သာသနာပြန့်ပွားရေး အကျိုးဆောင်အဖွဲ့တို့က မတ် ၁၂ရက်မှ ၁၈ရက်အထိ တရားစခန်းဖွင့်မည်ဖြစ်ရာ ယောဂီများ တစ်ရက်ကြိုတင် ရိပ်သာဝင်ကြရမည် ဖြစ်သည်။

ဆရာတော် ဦးရေဝတ(ဝါးခယ်မ) တရားပွဲ

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်(လိပ်ပြာကန်တိုက်) ကြာနီကန်ကျောင်း၏ ဦးစီးပဓာနနာယက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဆရာတော် ဦးရေဝတ (ဝါးခယ်မ)သည် မတ် ၁၂၊ ၁၃၊ ၁၄ ရက်တွင် သာသနာ့ အလင်းရောင် (ဝါးခယ်မ)၊ ၁၅ရက်တွင် ပဲခူး ဓိုင်း/မြောက် စက်ပိုင်၊ ၁၆၊ ၁၇ရက်တွင် ညောင်ဝိုင်းကျောင်း(ဝေါမြို့)၊ ၁၈၊ ၁၉၊ ၂၀ ရက်တွင် ပန်းတောရွာ ခရမ်းမြို့၊ ၂၃ ရက်တွင် ပါဒကြီးနှစ်(၁၀၀)ပြည့် ကျောက်တန်းမြို့နယ်၊ ၂၄ ရက်တွင် ကွမ်းခြံကုန်းမြို့နယ် ဒေးဒနေ့ာကျေးရွာ အလှူပွဲ၊ ၂၅ ရက်တွင် ကျောက်တန်းမြို့ ကျိုက်ပြာသာဒ်တနော် ဘုရားဝင်းတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည် ဖြစ်သည်။

မီးဘေးကြိုတင်ကာကွယ်ရေး ဝက်လက်၌ပညာပေးဟောပြော

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ထမံသာကျေးရွာ အုပ်စု မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ရက် နံနက်က ထမံသာကျေးရွာ၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယတပ်ကြပ် သန်းဇော်က မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောကာ မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ ရေးလုပ်ငန်းများကို တစ်အိမ်တက်ဆင်း စစ်ဆေးကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

ကျောက်ဆည် အထက(၂) အာစရိယပူဇော်မည်

မန္တလေးတိုင်းကျောက်ဆည်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အငြိမ်းစားယူထားပြီးဖြစ်သော ဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ရက်က ကျောက်ဆည်မြို့ စုကြီးရပ်ရှိ သာသနာ့ဗိမာန်တွင်ကျင်းပရာ အာစရိယပူဇော်ပွဲကို ဇွန် ၂၃ ရက် (စနေနေ့)တွင် ကျင်းပရန် ဆုံးဖြတ်ကြသည်။ လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများ၊ စေတနာရှင် အလှူရှင်များသည် ဦးသန်းစိုးမြင့် ဖုန်း-၀၆၆-၅၀၅၁၁၄၊ ဦးခင်ကျော် ဖုန်း-၀၆၆-၅၀၀၁၄၊ ဦးဘဆန်းမြင့် ဖုန်း-၀၆၆-၅၀၀၃၆၊ ဦးကိုကိုထွေး ဖုန်း-၀၆၆-၅၀၀၉၆၊ ဦးခင်ဇော် ဖုန်း-၀၆၆-၅၀၃၃၃၊ ဦးကိုကိုလတ် ဖုန်း-၀၉-၅၁၄၆၉၈၁ နှင့် ဦးဆန်းလင်း ဖုန်း-၀၉-၅၁၂၃၅၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

မကွေးတွင် ကေဘယ်ကြိုး အသစ်များလဲလှယ်

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း မကွေးတိုင်း မကွေးမြို့တွင်တယ်လီဖုန်းသုံးစွဲသူများ ဆက်သွယ်မှုလွယ်ကူ ချောမွေ့စေရန် ဆက်သွယ်ရေ ဝန်ထမ်းများက မြို့ပေါ်တွင် ကေဘယ်ကြိုးများနှင့် Network ကေဘယ်ကြိုးများ အသစ်လဲလှယ် တပ်ဆင်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရုပ်မြင်သံကြားနှင့် ရေဒီယိုလှူဒါန်း

ချင်းပြည်နယ် ပလက်ဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားနှင့် ရေဒီယို ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၉ ရက်က ကီမိုခန်းမ၌ကျင်းပရာ ရုပ်မြင်သံကြား နှစ်လုံးနှင့် ရေဒီယို ၁၁၉ လုံးကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့များက ကျေးရွာ စာကြည့်တိုက် ကော်မတီဝင်များသို့ ပေးအပ်လှူဒါန်းကြသည်။

ပညာပေးဟောပြော၊ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေး

တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် တီဘီရောဂါ ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက်က မြိတ်မြို့နယ် အေးရှားဝေါလ် ဆီအုန်းခြံတွင် ကျင်းပရာ တနင်္သာရီ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းငွေက အမှာစကားပြောကြား၍ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ သန္တာမျိုးဝင်းက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် တီဘီရောဂါ ကာကွယ်ရေး အကြောင်း အသိပညာပေး ဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆွေးနွေး

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ကြူတောအုပ်စု ကြူတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ဖေဖော်ဝါရီ ၂၄ရက် ညနေ ၃နာရီက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကိုကိုက အမှာစကားပြောကြားပြီး ကျေးရွာအရန် မီးသတ်တပ်ဖွဲ့ဝင်များဖွဲ့စည်းရေး၊ စံပြကျေးရွာ ထူထောင်ရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မီးသတ်တပ်ဖွဲ့ သင်တန်းဖွင့်လှစ်ရေးတို့ကို ဆွေးနွေးကြသည်။

ခင်ဦးမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် စောကြီးကျေးရွာ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က ကျေးရွာ အမကကျောင်း၌ကျင်းပရာ ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူး ဦးသွန်ခန်းပေါင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်မျိုးငြိမ်းနှင့် ကျောင်းဖြစ်မြောက်ရေးကော်မတီဝင် ဦးအောင်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ငါ့တာ ငါ့သွေး ငါ့ရောဝတီ မကြာမီရုံတင်မည် အကယ်ဒမီလေးဆုရ ဆဋ္ဌဂံ ပြန်လည်ပြသ

ရန်ကုန် မတ် ၉

ယခုသောကြာပတ်တွင်လည်း မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိသေးဘဲ ပြဆဲကားများသာ ဆက်လက် ပြသလျက်ရှိသည်။

နိုင်ငံခြားကားများ

သွင်ရုံတွင် World Trade Center ၊ မင်္ဂလာရုံတွင် Sahara၊ နေပြည်တော်ရုံတွင် Rab-B.Hood ဇာတ်ကားများ ပြသနေသည်။

သမ္မတရုံတွင် ဒါရိုက်တာ Sanjay Gudhar ရိုက်ကူးပြီး ရှိသစ်ဂိုရှန်း ခေါင်းဆောင်ပါဝင်ထားသော Dhoom-2 ဇာတ်ကား ရုံဝင်လာသည်။ ရှေးဟောင်း ရတနာပစ္စည်းများကို ဖောက်ထွင်းခိုးယူသူ တစ်ယောက်အကြောင်း ဇာတ်လမ်းဆင် ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။

နဝဒေးရုံတွင် ပြသနေသော ၇၂နာရီ ဇာတ်ကားမှ ထွန်းထွန်းနှင့် ဖူးဖူးမောင်။

ဆဋ္ဌဂံပြန်လည်ပြသ

၂၀၀၅ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုလေးဆုရ **ဆဋ္ဌဂံ**ဇာတ်ကားမှာ ရှေ့ဆောင်ရုံတွင် ပြန်လည်ပြသလျက်ရှိသည်။ မကြည့်ဖြစ်လိုက်သေးသူများနှင့် အကယ်ဒမီ ပြကွက်များကို ထပ်မံခံစားလိုသူများအတွက် တင်ဆက်လိုက်ခြင်း ဖြစ်သည်။ **ငါ့တာ ငါ့သွေး ငါ့ရောဝတီ** ဇာတ်ကားမှာ မကြာမီ ရုံဝင်လာမည်ဖြစ်သည်။

ရုပ်ရှင်သတင်းထောက်

ဆုထူးပန်ရုံတွင် မင်းသား ဆန်နီဒေါလ်အပူဖားအဂ္ဂနိဟိုတ္ထရီ၊ မင်းသမီး မာဟီးမားချော်ဒါရီတို့ ပါဝင်ထားသော Pyaar Koi Khel Nahin ဇာတ်ကားပြသနေပြီး ဘုရင့်ရုံတွင် ကရီနာကပူးလ် ပါဝင်သော Fida ဇာတ်ကား ပြသလျက်ရှိသည်။

ဗီဒီယိုဇာတ်ကားများ

ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးသည့် **သိကြားမင်း ဒေါ့ကွန်း** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကား ရိုက်ကူးပြီးစီးသွားပြီဖြစ်ရာ မကြာမီ ရုံတင်တော့မည် ဖြစ်သည်။ ယင်းဇာတ်ကားတွင် စိုင်းစိုင်းခမ်းလှိုင်၊ ရတနာပုံ၊ ဖိုးကျော်၊ ဟက်ကက်၊ ကျော်သူစိုး၊ အောင်ဇော်မင်း၊ စန္ဒီမြင့်လွင်နှင့် မယ်လိုဒီ တို့ ပါဝင်ထားသည်။ မဟာသင်္ကြန်ကို နောက်ခံထားပြီး တေးသီချင်းများစွာ အသုံးပြု ရိုက်ကူးထားသော ဟာသ ဇာတ်မြူးကား ဖြစ်သည်။ စတူဒီယိုအဆိုကျော် အများဆုံး ပါဝင်ထားသည်။

နဝဒေးရုပ်ရှင်ဥယျာဉ်တွင် မင်းဦး၊ ထွန်းထွန်း၊ဟန်နီထွန်း၊ ဖူးဖူးမောင်၊ ပုလဲဝင်း၊ ကောင်းစံသစ်၊ အောင်တိုး၊ အဂ္ဂချို့နှင့် မိုးဟေမာန်ခင်တို့ ပါဝင်ထားသော **၇၂နာရီ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား ရုံဝင်လာသည်။ ဒါရိုက်တာ ဝေမှိုင်းညိုက တောတွင်းသောင်းကျန်းသူများ၏ အဖျက်လုပ်ငန်းကို ပီပီပြင်ပြင် ရိုက်ကူးထားသည်။

မကြာမီ ရုံတင်ပြသတော့မည့် သိကြားမင်း ဒေါ့ကွန်း ဇာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်နှင့် ရတနာပုံ။

မြို့လယ် စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် သူထူးစံ၊ အောင်ပိုင်၊ ကျော်ဇောဟိန်း၊ မေသဥ္ဇာဦး၊ မေထွဋ်ခေါင်၊ အယ်လ်ဂျူးလီနှင့်စံပယ်မိုးတို့ပါဝင်ထားသော **သရီးအိုသရီး** အဆင့်မြင့် ဗီဒီယိုဇာတ်ကား ဆက်လက်ပြသနေသည်။

ဒါရိုက်တာ မိုက်တီးရိုက်ကူးပြီး လွင်မိုး၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ တင့်တင့်ထွန်းနှင့် လင်းဇာနည်ဇော်တို့ ပါဝင်ထားသော **လန်ဒန်မြေပဲယို** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ မဟာမြိုင်ရုံတွင် ဆက်လက်ဖျော်ဖြေလျက် ရှိသည်။ ရွှေဂုန်ရုံ (မြေညီထပ်)တွင် Dil to Pagal Hai ဇာတ်ကား ပြသနေပြီး (အပေါ်ထပ်)တွင် Surf Ninjas ဇာတ်ကားတို့ ပြသလျက်ရှိသည်။ တန်းမြင့်မြို့မရုံတွင် Jaani Dushman ဇာတ်ကားပြသနေသည်။

မြရတနာ၊ ရွှေဗဟို၊ ရောဝတီ၊ ဘုရင့်နောင်ရုံများတွင် ဒါရိုက်တာ မောင်မောင်ဦး (စနိုးပွိုက်)၏ **နှငယ် နှတယ် နှရယ်** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် နိုင်းနိုင်း၊ နန္ဒာလှိုင်၊ ရဲအောင်နှင့် မေသန်းနုတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ။ **(မြန်မာ့အလင်း)**

မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် မောင်တော-ကျီးကန်းပြင် ကျေးလက်လမ်းပေါ်ရှိ တံတားအမှတ် (၁၀) ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဖေဖော်ဝါရီ ၂၀ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ယူအီးအက်ဖ်အေဖလား ၁၆ သင်းအဆင့် ပွဲစဉ်များယှဉ်ပြိုင် နယူးကာဆယ်၊ ဝါဒါဘရီမင်နှင့် စပါးတို့ နိုင်ပွဲများရရှိခဲ့ကြ

လန်ဒန် မတ် ၉

ယူအီးအက်ဖ်အေဖလား ၁၆ သင်းအဆင့် ဘောလုံးပြိုင်ပွဲများကို မတ်၈ရက်က ယှဉ်ပြိုင်ကစားရာ နယူးကာဆယ်၊ ဝါဒါဘရီမင်၊ လန့်စ်နှင့် တော့တင်ဟမ်ဟော့စပါးတို့ နိုင်ပွဲများ အသီးသီးရရှိခဲ့ကြသည်။

နယူးကာဆယ်နှင့် အေဇက်အယ်ခမာ

နယူးကာဆယ်အသင်း အိမ်ကွင်း၌ ထိုက်ထိုက်တန်တန် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ နယူးကာဆယ်တွင် မာတင်နှင့် စီဘိုင်ဟာစကီတို့ တိုက်စစ်အတွဲက ကွင်းလယ်မှ ဆိုလာနို၊ ပါကာ၊ ဒိုင်ရာနှင့် ဒပ်ဖ်တို့နှင့် အချိတ်အဆက်မိမိ ကစားနိုင်ခဲ့သည်။

နယူးကာဆယ်နှင့် အေဇက်အသင်းတို့ပွဲတွင် နယူးကာဆယ်တိုက်စစ်မှူး မာတင်(ဝဲ) ဤသို့ထိုးဖောက်ကစားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ပွဲအစ၌ပင် နယူးကာဆယ်တို့ တိုက်စစ်ဖွင့်ကစားခဲ့ရာ အေဇက် နောက်တန်းခံစစ်မှူးများ မထိန်းနိုင်ခဲ့သဖြင့် ပွဲချိန် ရှစ်မိနစ်တွင် အေဇက်တိုက်စစ်မှူး ရာဖင်စတိန်းဆင်က ဘောလုံးဖျက်ထုတ်ရာမှ ဂိုးဝင်သွားသဖြင့် နယူးကာဆယ်တို့ အဖွင့်ဂိုးလက်ဆောင်ရရှိခဲ့သည်။

ထို့နောက် နယူးကာဆယ်တို့ ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၂၂မိနစ်၌ပင် ကီယွန်ဒိုင်ရာက တစ်ဂိုးသွင်းယူခဲ့ပြီး ၂၃မိနစ်၌ နယူးကာဆယ်တိုက်စစ်မှူး မာတင်က တစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးဆက်တိုက်ရရှိခဲ့သည်။

အေဇက်၏ ချေပဂိုးကို ပွဲချိန် ၃၁ မိနစ်၌ တိုက်စစ်မှူး အာဗီလာဒက်ဖ်က သွင်းယူပေးခဲ့သည်။ သို့သော်လည်း နယူးကာဆယ်တို့က ဆက်တိုက်ပြန်လည် ထိုးဖောက်ကစားခဲ့သဖြင့် ပွဲချိန် ၃၇ မိနစ်၌ နယူးကာဆယ်တိုက်စစ်မှူး မာတင်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်၌ပင် နယူးကာဆယ်တို့ လေးဂိုးရှိနေခဲ့သည်။

အေဇက်တို့က ၇၃ မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘော ရရှိခဲ့ရာ ယင်းပြစ်ဒဏ်ဘောကို ဒမ်ဘီလီကန်သွင်းရာ ဂိုးမဝင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ အေဇက်၏ဒုတိယချေပဂိုးကို ပွဲချိန် ၇၃ မိနစ်၌ ကိုဗာမင်က သွင်းယူခဲ့၍သာ နယူးကာဆယ်ကို အေဇက်တို့ လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

လန့်စ်နှင့် ဘေယာလေဗာကူဆင်

ဘေယာလေဗာကူဆင်တို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားနိုင်ခဲ့သော်လည်း လန့်စ်တို့က ခြေစွမ်းပိုသာခဲ့သည်။ လန့်စ်တိုက်စစ်မှူး မွန်တာရူဘီရို၊ ဒင်ဒိန်းနှင့် ကောဆင်တို့က ဘေယာလေဗာကူဆင် နောက်တန်းကို ၁၂ ကြိမ် ကျော်ဖြတ်ပြီး အပိုင်ကန်သွင်းခွင့်ငါးကြိမ် ရရှိခဲ့သော်လည်း နှစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။

လန့်စ်အတွက် အဖွင့်ဂိုးကို တိုက်စစ်မှူးမွန်တာရူဘီရိုက ပွဲချိန် ၁၇ မိနစ်၌ပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူးဗိုရိုနင် ဦးဆောင်သော ဘေယာလေဗာကူဆင် တိုက်စစ်သည် လန့်စ် နောက်တန်းကို ထိရောက်သော ထိုးဖောက်မှုကို မပြုလုပ်နိုင်ခဲ့ချေ။

လန့်စ်၏ ဒုတိယမြောက်ဂိုးကို မိနစ် ၇၀ တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်စစ်မှူး ဒါနေးလ်ကောဆင်က သွင်းယူပေးခဲ့သည်။ ဘေယာလေဗာကူဆင်တို့ ဒုတိယပိုင်းပွဲ ချိန် ၅၁မိနစ်၌ နောက်ခံလူ ဟက်ကွီက ချေပဂိုးတစ်ဂိုး သွင်းယူပေးခဲ့သဖြင့် လန့်စ်တို့က အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုး အနိုင်ရရှိခဲ့သည်။

ဆဲလ်တာဗီဂိုနှင့် ဝါဒါဘရီမင်

အဝေးကွင်းဖြစ်သော်လည်း ဝါဒါဘရီမင်တို့ အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ ဝါဒါဘရီမင်တိုက်စစ်တွင် ကလိုဆေး၊ ဟန့်၊ ဂျူရီကာနှင့်ဖရစ်တို့က အုပ်စုဖွဲ့ ထိုးဖောက်ကစားခဲ့ရာ ဆီလ်တာဗီဂိုတို့ ကစားကွက်မထိန်းနိုင်ဘဲ ဂိုးပေးခဲ့ရခြင်းဖြစ်သည်။

ဝါဒါဘရီမင်သည် ဆီလ်တာဗီဂို နောက်တန်းကို ၁၃ကြိမ်ဖြတ်ကျော်ခဲ့ပြီး အပိုင်ဂိုး ငါးကြိမ်ရရှိခဲ့သော်လည်း တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ သွင်းဂိုးများ ယခုထက် ဂိုးပိုမိုရရှိရမည်ဖြစ်သော်လည်း ကလိုဆေးနှင့် ဟန့်တို့ ကန်ချက်မမှန်မှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

ဝါဒါဘရီမင်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၈၄မိနစ်ရောက်မှသာ ကလိုဆေးအစား ဝင်ရောက်ကစားသည့် ဟူဂိုအယ်မီဒါက အနိုင်ဂိုး သွင်းယူလိုက်သဖြင့် ယင်းတစ်ဂိုးဖြင့်ပင် ဝါဒါဘရီမင်တို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆဲလ်တာဗီဂိုမှ နူနက်၊ ဂျိုနသန်နှင့် ဂါစီရာတို့ ထိုးဖောက်ဂိုးသွင်းမှု ရှစ်ကြိမ်ရရှိခဲ့ပြီး အပိုင်ဂိုးသွင်းခွင့် လေးကြိမ်ရရှိခဲ့သော်လည်း ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိဘဲဖြစ်ခဲ့ရသည်။ ဆီလ်တာဗီဂိုသည် ကာဗယ်လိုအစား ဘီရာနို၊ နူနက်အစား ဒီရစ်တာတို့ ထည့်သွင်းကစားခဲ့သော်လည်း ချေပဂိုးမရရှိဘဲ အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဘရာဂါ	၂ - ၃	တော့တင်ဟမ်ဟော့စပါး
မကာဘီဟိုင်ဖာ	၀ - ၀	အက်စ်ပန်းညို
အက်ဖ်စီဆီဗီလာ	၂ - ၂	ရှက်တာဒိုးနက်
ပီအက်စ်ဂျီ	၂ - ၁	ဘင်ဖီကာ
ရိန်းဂျားစ်	၁ - ၁	အိုဆာဆူနာ။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ဘောလုံးအသင်း ရှစ်သင်း တက်ရောက်ခဲ့ရာ ၎င်းဘောလုံးအသင်းများအနက် ချန်ပီယံလိဂ်ဖလား ဗိုလ်စွဲရန် ရေပန်းအစားဆုံးအသင်းများမှာ ချယ်လ်ဆီးနှင့်မန်ချက်စတာယူနိုက်တက်အသင်းတို့ဖြစ်ပြီး ချန်ပီယံလိဂ်ဖလား ရရန်အခွင့်အရေး အနည်းဆုံးအသင်းမှာ ပီအက်စ်ဗွီအသင်းတို့ဖြစ်ကြောင်း ဥရောပကလပ်အသင်းများ၏ စစ်တမ်းကောက်ယူချက်၌ ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် ကျင်းပလျက်ရှိသည့် မာစတာစီးရီး တင်းနစ်ပြိုင်ပွဲတွင် ရုရှားတင်းနစ်သမား အလက်ဇ်ဘိုဒါနိုဗစ်က ဘရစ်တန်ကို ၄-၆၊ ၆-၂၊ ၆-၀ ဖြင့်ရှုံးပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီ ဖြစ်သည်။

ဩစတြေးလျနိုင်ငံ ဂီလုန်းမြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီး ကမ္ဘာ့စက်ဘီးစီးပြိုင်ပွဲတွင် ဝေလ စက်ဘီးစီးမယ် နီကိုးကိုကီက အနိုင်ရ ဗိုလ်စွဲခဲ့သည်။ အသက် (၂၃)နှစ်အရွယ်ရှိ ကိုကီသည် ကီလိုမီတာ ၁၂၀ကို စီးနင်းပြီးနောက် ပြတ်ပြတ်သားသား ပန်းဝင်ခဲ့ခြင်းဖြစ်သည်။

ဥရောပ ပြေးခုန်ပစ်ပြိုင်ပွဲကို အင်္ဂလန်နိုင်ငံ ဘာမင်ဂန်မြို့တွင် ကျင်းပခဲ့ရာ အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် အင်္ဂလန်နိုင်ငံသား ဖီလစ်ဇ်အီဒူဝူက ၁၇ ဒသမ ၅၆ မီတာဖြင့် အကောင်းဆုံးစံချိန်တင် ခုန်နိုင်ခဲ့ကြောင်းသိရသည်။

ကမ္ဘာ့အကောင်းဆုံး အမျိုးသား မီတာ ၁၀၀ အပြေးသမားအဖြစ် ဩစတြေးလျမှ ဂျိုဆွာရိစ်က ၁၀ ဒသမ ၂၂ စက္ကန့်ဖြင့် လည်းကောင်း၊ အမျိုးသားမီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် အမေရိကန်အပြေးသမား ရှုရွန်ခရော ဖို့ဒ်က ၂၀ ဒသမ ၃၂ စက္ကန့်ဖြင့်လည်းကောင်း ကမ္ဘာ့အမြန်ဆုံး လူသားများ ဖြစ်လာကြောင်း ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

ဥရောပ ဘင်တန်ဝိတ်ချန်ပီယံလက်ဝှေ့ထိုးသတ်ပွဲကို အီတလီနိုင်ငံ ဒါဂန်ဟမ်မြို့၌ မတ် ၁၁ ရက်တွင် စိန်ခေါ်သူ အီအင်နာပါနှင့် လက်ရှိချန်ပီယံ ဆီမွန်မာလူဒရိုတူတို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အမေရိကန် နိုင်ငံသားများဖြစ်သော ဂျော့ဂီလ်လိတ်နှင့် တွမ်ဟိတ်စ်တို့သည် လီဗာပူးအသင်းအား တရားဝင် လွှဲပြောင်းရယူမှုများကို လာမည့်သီတင်းပတ်အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း လီဗာပူးကလပ်က သတင်းထုတ်ပြန်လိုက်သည်။

ယူအီးအက်ဖ်အေဖလား ၁၆ သင်းအဆင့် ဘောလုံးပြိုင်ပွဲ၌ ဘရာဂါအသင်းကို ပထမအကျော့ ပွဲစဉ်၌ အနိုင်ရရှိခဲ့ပြီးနောက် မိမိတို့စပါးအသင်း ဒုတိယအကျော့တွင် အနိုင်ရအောင် ကစားသွားပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်မည်ဖြစ်ကြောင်း စပါးကွင်းလယ်ကစားသမား ရော်ဘီကိန်းက ပြောကြားသည်။

အမေရိကန်နိုင်ငံ မင်ရာပိုလစ်မြို့တွင် မတ် ၈ ရက်က ကျင်းပသည့် ကမ္ဘာ့ရေကူးအဖွဲ့ချုပ်၏ အမျိုးသမီး မီတာ ၂၀၀ အလွတ်တမ်း ရေကူးပြိုင်ပွဲတွင် အရီဇိုးနားမှ ဝစ်နေမိုင်ရာက ၁ မိနစ် ၅၄ ဒသမ ၈၉ စက္ကန့်ဖြင့် ပထမရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

မန်ယူနှင့်စီရိုနယ်ဒို စာချုပ်သစ်အတွက် ဆွေးနွေး

လန်ဒန် မတ် ၉

မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုသည် အသင်းနှင့် စာချုပ်ထပ်မံချုပ်ဆိုရေးအတွက် ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း အင်္ဂလန်ဘောလုံးအသိုင်းအဝိုင်းမှ သတင်းထွက်ပေါ်လာခဲ့သည်။

ပြောကြား

သို့ရာတွင် အသက် (၂၂)နှစ်ရှိ စီရိုနယ်ဒိုသည် လက်ရှိစာချုပ်အရ ၂၀၁၀ပြည့်နှစ်၌ မန်ယူနှင့် စာချုပ်ကုန်ဆုံးမည်ဖြစ်သည်။ ၎င်းသည် တစ်နေ့တွင် စပိန်၌သွားရောက်ကစားရန် ဆန္ဒရှိကြောင်း စီရိုနယ်ဒိုက မကြာမီက ပြောကြားခဲ့သည်။

သဘောတူညီချက်

မိမိတို့သည် ပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီ သဘောတူညီချက်တစ်ရပ် ရရှိလိမ့်မည်ဖြစ်ကြောင်း စီရိုနယ်ဒိုက ပေါ်တူဂီ ရေဒီယိုသို့ ပြောကြားလိုက်သည်။

မိမိအနေဖြင့် မန်ယူမှ ထွက်ခွာရန် ဆုံးဖြတ်ထားခြင်း မရှိကြောင်း၊ မန်ယူတွင် ကစားရသည်မှာ ပျော်ရွှင်ကြောင်း၊ သို့ရာတွင် တစ်နေ့စပိန်တွင် သွားရောက်ကစားရန် ဆန္ဒရှိကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

မန် ယူ တောင်ပံကစားသမား စီရိုနယ်ဒို။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူက မိမိအား ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားအဖြစ် ပုံဖော်ပေးနေကြောင်း၊ အကောင်းဆုံး ဖြစ်အောင်လည်း မိမိအနေဖြင့် ကြိုးစား ကစားနေကြောင်း စီရိုနယ်ဒိုက ပြောကြားသည်။

စီရိုနယ်ဒိုသည် ယခုနှစ် ရာသီအကုန်တွင် စပိန်ကလပ်များဖြစ်သည့် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာ ကလပ်များသို့ဆက်သွယ်လိမ့်မည်ဟု အင်္ဂလန်ဘောလုံး အသိုင်းအဝိုင်းမှ ထင်ကြေးပေးနေကြသည်။

စာချုပ် ချုပ်ဆို

စီရိုနယ်ဒိုသည်၂၀၀၃ခုနှစ် ဩဂုတ်လကပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းမှ မန်ယူသို့ ပေါင်၁၂သန်းဖြင့် ပြောင်းရွှေ့လာခဲ့သည်။ ထိုစဉ်က မန်ယူက စီရိုနယ်ဒိုအား ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။ ၂၀၀၅ခုနှစ် နိုဝင်ဘာလက မန်ယူကနောက်ထပ်နှစ်နှစ်စာချုပ်ထပ်မံတိုး၍ ချုပ်ဆိုခဲ့သည်။ **(အင်တာနက်)**

မန်ယူတိုက်စစ်မှူး ဆာဟာ ဒဏ်ရာကြောင့် လေးပတ်နားရမည်

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် မတ် ၉

မန်ယူတိုက်စစ်မှူး လူးဝစ်ဆာဟာသည် တံကောက်ကြောကြွက်သား ဒဏ်ရာရရှိခဲ့သဖြင့် လေးပတ်ကြာ အနားယူရမည်ဟု မန်ယူအသင်းက ပြောကြားသည်။

မန်ယူ တိုက်စစ်မှူး ဆာဟာ။ (ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရရှိ

ဆာဟာသည် အိုးထရက်ဖို့ဒ်၌ လိုင်လီအသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားရန် လေ့ကျင့်စဉ် အတွင်းဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြန်ရမည်

အသက် (၂၈)နှစ်ရှိ ဆာဟာဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် မန်နေဂျာ ဖာဂူဆန်သည် တိုက်စစ်မှူးများ ပြတ်လပ်လျော့ကျမှုနှင့် ရင်ဆိုင်နေရသည်။ ၎င်းဒဏ်ရာ ရနေစဉ်အတွင်း ဆိုးလ်ရှားသည် ဒူးခေါင်းခွဲစိတ်ထား၍ တစ်လကြာ နားရမည်ဖြစ်သည်။ ထိုစဉ်အတွင်း တိုက်စစ်မှူး လာဆင်သည်လည်း ဟယ်စင်ဘော့မှ အငှားခေါ်ယူထားပြီး လစေ့သွားပြီဖြစ်၍ ဆွီဒင်သို့ ပြန်ရမည် ဖြစ်သည်။

ပြောကြား

ဆာဟာအား မတ် ၆ရက်က ရရှိထားသော ဒဏ်ရာကို ဓာတ်မှန်ရိုက် စစ်ဆေးချက် အဖြေထွက်လာပြီးနောက် နည်းပြ ဖာဂူဆန်က လာဆင်အား ဆက်လက်အငှားခေါ်ယူရန် ကြိုးစားနိုင်လိမ့်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဆာဟာသည် စနေနေ့တွင် မစ်ဒယ်ဘရော့နှင့် ကစားမည့် အက်ဖ်အေဖလား၊ မတ် ၁၇ရက်နှင့် မတ် ၃၁ရက်တွင် ကစားမည့် ဘော်လ်တန်နှင့် ဘလက်ဘန်းတို့ပွဲများနှင့် လွဲမည်ဖြစ်သည်။ ၎င်းသည် ဧပြီလဆန်းတွင် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့တွင် ပြန်လည်ပါဝင်လာနိုင်သည်။ **(အင်တာနက်)**

အရည်အသွေးမြင့်မားသော မြန်မာ့ကျောက်မျက်ရတနာများ (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထား

တွေ့ဆုံမေးမြန်းသူ
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း
သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာ့မြေသည် ကျောက်သံပတ္တမြားပေါကြွယ်ဝစွာ ထွက်ရှိသော မြေဖြစ်သည်။ မြန်မာ့မြေမှထွက်ရှိသမျှ ကျောက်မျက်ရတနာများသည် အရည်အသွေးမြင့်မားပြီး နိုင်ငံတကာဈေးကွက်၌ မျက်နှာပန်းလှလျက် ရှိသည်။ ထို့ကြောင့် နိုင်ငံတကာမှ ကျောက်မျက်ရတနာကုန်သည်များက မြန်မာ့ကျောက်မျက်များကို မက်မက်မောမော ဝယ်ယူလျက်ရှိနေသည်။

ခင်းကျင်းပြသရောင်းချ

အရည်အသွေးမြင့်မားသော မြန်မာ့ကျောက်မျက်များကို ပြည်တွင်းပြည်ပမှ ကျောက်မျက်ရတနာကုန်သည်များအား ခင်းကျင်းပြသ ရောင်းချခဲ့သည်မှာ (၄၄)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။ ယခု(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခန်းမနှင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

ထို့ကြောင့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူးနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေအား ပြပွဲခင်းကျင်းပြသ ရောင်းချရမှုနှင့် ပတ်သက်၍ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

"မတ် ၈ ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းမှာရှိတဲ့ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမတွင် ပုလဲတွေကို ရောင်းချမှာဖြစ်ပါတယ်။ ဒီလိုရောင်းချတဲ့အခါမှာလဲ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တွေနဲ့ ရောင်းချသွားမှာပါ။ မတ် ၁၂ ရက်မှာ အဲဒီပြပွဲခန်းမမှာပဲ ပတ္တမြား၊ နီလာနဲ့ အခြား ရောင်စုံကျောက်တွေကို ရောင်းချသွားမယ်။ ဒီလို ရောင်းချနေတဲ့အချိန်မှာ မင်းဓမ္မလမ်းမှာရှိတဲ့ မြန်မာကွန်ဗင်းရှင်းစင်တာမှာ ကျောက်စိမ်းတွေကို ကျောက်မျက်ကုန်သည်တွေ စိတ်ကြိုက် လေ့လာကြည့်ရှုခွင့် ပေးထားပါတယ်။ မတ် ၁၃ ရက်မှ ၂၀ ရက်အထိကတော့ ကျောက်စိမ်း၊ ကျောက်မျက်တွေကို စတင်ရောင်းချသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူးနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက မြန်မာ့အလင်းသို့ ဦးစွာရှင်းပြသည်။

မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ကျောက်စိမ်းအရိုင်းတုံးများ၊ အရည်အသွေးကောင်းမွန်သော အသားကျောက်၊ အထည်ကျောက်တုံးများကို မျက်စိတစ်ဆုံး မြင်တွေ့ရသည်။ ကျောက်မျက်ကုန်သည်များမှာ လေး၊ ငါးရက်ဖြင့် ကျောက်များကြည့်၍ မပြည့်ဝအောင်ပင် အရေအတွက် များပြားလှသည်။

စိတ်တိုင်းကျ

ယခု (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများနှင့်ပတ်သက်၍လည်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအတွင်းရေးမှူး ဦးသိန်းဆွေက "ယခုပြပွဲမှာ ကျောက်စိမ်းအတွဲ ၅၈၅၈တွဲ၊ ကျောက်မျက်အတွဲ ၃၈၀နဲ့ ပုလဲအတွဲပေါင်း ၃၂၂တွဲတို့ ခင်းကျင်းပြသရောင်းချမှာ ဖြစ်ပါတယ်။ ကျောက်မျက်နဲ့ ပုလဲကတော့ ကမ္ဘာအေးစေတီလမ်းမှာရှိတဲ့ မြန်မာ့ကျောက်မျက်ရတနာခန်းမမှာပဲ ရောင်းချသွားမှာပါ။ ကျောက်စိမ်းတွေကိုလဲ ကုန်သည်တွေ ကြည့်ရှုလေ့လာပြီးသွားရင် မတ် ၁၃ ရက်မှ ၂၀ ရက်အထိ တင်ဒါစနစ်နဲ့ ဈေးပြိုင်စနစ်တွေအရ ရောင်းချသွားမှာပါ။ လွတ်လွတ်လပ်လပ် စိတ်တိုင်းကျ ဝယ်ယူနိုင်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့အပြင် ယခုပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်များသည် ယခင်နှစ်က ပြပွဲများထက် အရေအတွက်နှင့် အရည်အသွေးပါ ကောင်းမွန်ကြောင်း သိရသည်။ ပြည်ပမှလာရောက်မည့် ကုန်သည်များမှာလည်း အရေအတွက် ၂၀၀၀ကျော်မည်ဖြစ်ကြောင်း၊ အများဆုံးမှာ တရုတ်၊ ဂျပန်၊ ဟောင်ကောင်၊ ထိုင်း၊ အင်ဒိုနီးရှား၊ သီရိလင်္ကာနှင့် ရုရှားတို့မှဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ကြည့်ရှုလေ့လာ

ယခုအခါ ကျောက်မျက်ရတနာများကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များက လေ့လာလျက်ရှိပြီး ပုလဲများကို ဝယ်ယူနေကြပြီဖြစ်သကဲ့သို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌လည်း ကျောက်စိမ်းတွဲများကို ကြည့်ရှုလေ့လာလျက်ရှိနေပြီဖြစ်သည်။ ယခုပြပွဲ၌ ကျောက်ကြီး၊ ကျောက်ကောင်းများ ဈေးပိုမိုရနိုင်ပြီး ပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်များ၏ အနည်းဆုံး ၆၀ရာခိုင်နှုန်းနှင့် ၇၀ရာခိုင်နှုန်း ရောင်းချရမည်ဟုလည်း ခန့်မှန်းထားကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး ဦးသိန်းဆွေက ပြောကြားသည်။

ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံးများ

မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံးများကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း–
သိန်းဝင်းလေး(မြန်မာ့အလင်း)

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ ကျောက်စိမ်းဆပ်ကော်မတီ အတွင်းရေးမှူးနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနိုင် (ကျောက်စိမ်း)အား ယခုကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းရောင်းချမည့် ကျောက်စိမ်းများ အခြေအနေကို မေးမြန်းရာ "ကျောက်စိမ်းအတွဲပေါင်း ၅၈၅၈ တွဲပါ။ ဈေးပြိုင်စနစ်နဲ့ ရောင်းမှာက ၄၆၃ တွဲနဲ့ တင်ဒါစနစ်နဲ့ရောင်းမှာက ၅၃၈၅တွဲပါ။ အရင်နှစ်ပြပွဲတုန်းက ၄၂၀၀ကျော်ပဲ ရှိတာဆိုတော့ ဒီနှစ်ပြပွဲမှာ ကျောက်စိမ်းအတွဲပေါင်း ၁၆၀၀ကျော်လောက် ပိုများပါတယ်။ ဒီကျောက်စိမ်းတွေက လုံးခင်း၊ ဖားကန့် ရတနာနယ်မြေ၊ ခန္တီးရတနာနယ်မြေနဲ့ မော်လူး မော်ဟန်ရတနာနယ်မြေတွေက ထွက်ရှိတဲ့ ကျောက်စိမ်းတွေပါ။ အများဆုံးက လုံးခင်း၊ ဖားကန့်ရတနာနယ်မြေက ထွက်ရှိတဲ့ ကျောက်စိမ်းတွေပါ"ဟု ဦးဇော်ဝင်းနိုင်က ရှင်းပြသည်။

ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုနှင့် ပတ်သက်၍လည်း ဦးဇော်ဝင်းနိုင်က "ဒီကျောက်စိမ်းတွဲတွေကို ခင်းကျင်းပြသထားတဲ့ နေရာမှာ ကွင်းပြင်တစ်ခုလုံး ကွန်ကရစ်အပြည့်ခင်းပေးထားပါတယ်။ နောက်ပြီး အရိပ်ရတဲလေးတွေ ၁၈၀ကိုလဲ ဆောက်လုပ်ပေးထားတယ်။ ကျောက်မျက်ကုန်သည်တွေ အရိပ်ခိုပြီး အနားယူလို့ရအောင်နဲ့ ကျောက်စိမ်းတုံးတွေကိုလဲ အရိပ်ထဲမှာ ကြည့်ရှုလို့ ရအောင်လို့ပါ။ ကျောက်စိမ်းရဲ့သဘာဝကလဲ ရေနဲ့လောင်းပြီးမှ ကြည့်လို့ရတာဆိုတော့ အဲဒီအရိပ်ရ တဲလေးတွေမှာ ရေပိုက်နဲ့ ရေပုံးလေးတွေလဲ အဆင်သင့် ချထားပေးပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ကျောက်စိမ်းတုံးများကို ကုန်သည်များ အေးဆေးစွာ ကြည့်ရှုနိုင်ရန် ထိုင်ခုံလေးများကိုလည်း ချထားပေးရာ ကောင်းမွန်သော အစီအစဉ်ပင်ဖြစ်သည်။ ထို့အပြင် ယခင်က မင်းဓမ္မလမ်းဘက်မှ အဝင်တစ်ပေါက်သာထားရှိရာ ယခုအခါ Royal Ruby Jade Hotel ဘက်မှလည်း ဝင်ပေါက်တစ်ခု ပြုလုပ်ပေးထားသည်။ ပြည်ပမှ ကျောက်မျက်ကုန်သည်များအတွက် တည်းခိုရန်ဟိုတယ်ကို နီးကပ်စွာ ဖွင့်လှစ်ထားသဖြင့် အဆင်ပြေလျက်ရှိသည်။

မျှော်မှန်းထား

ထို့ကြောင့် အရည်အသွေးမြင့်မားသော ကျောက်မျက်ရတနာများကိုသာ ခင်းကျင်းပြသထားသည့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် မျှော်မှန်းထားသည်ထက် ပိုမိုရောင်းချရပြီး အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်း သတင်းစကား ရေးသားဖော်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြည်တွင်းပြည်ပ ရတနာကုန်သည် ၂၇၇၅ဦးရောက်ရှိ

ရန်ကုန် မတ် ၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမနှင့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ခင်းကျင်းပြသ ရောင်းချလျက်ရှိရာ ပြည်တွင်းမှ ရတနာကုမ္ပဏီ ၄၁၀ တို့မှ နိုင်ငံသားရတနာကုန်သည် ၁၁၇၃ ဦးနှင့် ပြည်ပမှ ရတနာကုမ္ပဏီ ၅၃၆ ခုတို့မှ ရတနာကုန်သည် ၁၆၀၂ ဦး စုစုပေါင်း ရတနာကုန်သည် ၂၇၇၅ ဦးတို့ ယနေ့ညနေပိုင်းအထိ ရောက်ရှိနေကြပြီဖြစ်သည်။

ဈေးပြိုင်စနစ်

ပြည်တွင်း ပြည်ပရတနာကုန်သည်များအား ပုလဲအတွဲများကို မတ် ၁၀ ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်လည်းကောင်း၊ ကျောက်မျက် အတွဲများကို မတ် ၁၂ရက် အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်လည်းကောင်း ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲပေါင်း ၅၈၅၈တွဲကို ယမန်နေ့မှ မတ် ၁၂ ရက်အထိ မရမ်းကုန်း မြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ကြည့်ရှုလေ့လာခွင့်ပြုထားပြီး မတ် ၁၃ရက်မှ ၂၀ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ဆက်လက်ရောက်ရှိ

အဆိုပါ ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှ ရတနာကုန်သည်များသည် မတ် ၁၂ ရက်အထိ ဆက်လက်ရောက်ရှိကြဦးမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံးများကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်–၃၀အေ၊ မြေကွက်အမှတ်–၄ စီ/၁၊ ဧရိယာ ၀ ဒသမ ၂၂၀ဧကရှိ နှစ် ၆၀ ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၄ စီ/၁၊ ဗောဓိရိပ်သာလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးနေဝင်း ၁၂/ဥကတ(နိုင်)၀၅၅၇၆၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေ တချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ၊ ယခုကြေညာသည့်နေ့မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသက်ထွန်း B.A(Law), LL.B
ဒေါ်ကြည်ကြည်ဌေး B.A.(Law), LL.B
တရားရုံးချုပ်ရှေ့နေများ
တိုက် (၁၁၅)၊ အခန်း (၆)၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်၊ ဖုန်း–၅၅၆၈၁၂၊ ၀၉–၅၀–၁၅၂၃၄၊ ၅၄၆၄၀၄၊ (လိုင်းခွဲ ၃၈၈)။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

သံဖြူဇရပ်မြို့နေ ဦးမင်းသက်ခိုင် ၁၂/တမန(နိုင်)၀၄၉၂၆၀၏ ဇနီး ဒေါ်တင် တင်မွန် ၁၀/မဒန(နိုင်)၀၈၈၃၄၆သည် ခင်ပွန်း၊ သားသမီး၊ မိဘ၊ ဆွေမျိုးများအပေါ်တွင် ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ဆောင်ရွက်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးမင်းသက်ခိုင်**
၁၂/တမန(နိုင်)၀၄၉၂၆၀။

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကျန်းမာရေးပညာပေး၊ တိုးချဲ့ကလေးလူနာဆောင်ဆောက်လုပ်ရန် ငွေလှူဒါန်း

မုံရွာ ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက မုံရွာမြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကသာ၊ ကလေး၊ တမူး၊ မော်လိုက်၊ ခန္တီးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်းကို ခရိုင်အလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ကျော်ရှိန်က အစီရင်ခံစာများပေးပို့ခြင်းနှင့် ကျန်းမာရေးပညာပေးခြင်း အကြောင်းကိုလည်းကောင်း တင်ပြဆွေးနွေးသည်။

လက်ခံရယူ

ဆက်လက်ပြီး တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့ ကလေးလူနာကုသဆောင် ဆောက်လုပ်ရန် အတွက် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ကလှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ် လှူဒါန်းရာ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သိန်းက လက်ခံရယူသည်။

ထို့နောက် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က တင်ပြချက်များ အပေါ် ခြုံငုံသုံးသပ် ရှင်းလင်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လယ်ယာလုပ်ငန်းမှရရှိသော စီးပွားဖွံ့ဖြိုးတိုးတက်မှုများဖြင့် နာဂမာရ်အောင်စေတီ ရွှေထီးတော်တင်လှူပူဇော်မည်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၈

မော်လမြိုင်ကျွန်းမြို့နယ် ထီပါလယ်ကျေးရွာအုပ်စု မြို့ချောင်းကျေးရွာ တောင်သူလယ်သမားများသည် လယ်ယာလုပ်ငန်းမှရရှိသော စီးပွားဖွံ့ဖြိုးတိုးတက်မှုများဖြင့် မြို့ချောင်းကျေးရွာထိပ်တွင် နာဂမာရ်အောင်စေတီတော်နှင့် အရံစေတီလေးဆူတို့အား နယ်လှည့်သာသနာပြု ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓက ကြီးမှူးဦးဆောင်၍ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၂ရက်က စေတီတော် အချောသတ်မှုလုပ်ငန်းများ ပြီးစီးနေသည်ကို တွေ့မြင်ဖူးမြော်ကြရသည်။ **(အပေါ်ပုံ)**

ရွှတ်ဖတ်ပူဇော်

အဆိုပါ နာဂမာရ်အောင်စေတီတော်နှင့် အရံစေတီလေးဆူတို့ကို မြို့ချောင်းကျေးရွာနေ တောင်သူလယ်သမား ဦးညွှန့်အောင်-ဒေါ်အမာနီ မိသားစု၊ ဦးတင်လှိုင်-ဒေါ်တင်ရီ မိသားစု၊ ဦးဖိုးလူ-ဒေါ်ငယ် မိသားစု၊ ဦးမိုးကြီး-ဒေါ်လှနှင်း မိသားစု၊ ဦးအုန်းငွေ-ဒေါ်ချိုတီ မိသားစု၊ ဦးအေးသန်း-ဒေါ်သောင်းကြွယ် မိသားစုများက အလှူငွေကျပ် ၂၅ သိန်းမတည်ပြီး ကျေးရွာသူ ကျေးရွာသားများ၏ စုပေါင်းလှူဒါန်းငွေများဖြင့် တည်ထားပူဇော်ခြင်းဖြစ်ရာ နာဂမာရ်အောင်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲကို မတ် ၂၆ ရက်(တနင်္လာနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ရွှေထီးတော်တင်လှူပွဲ မကျင်းပမီ ခုနစ်ရက်တိုင်တိုင် မြို့ချောင်း၊ ကသမျှင်၊ ရေကျော်ဝ၊ သဒ္ဒေးကုန်း၊ ထီပါလယ်နှင့် စော်ကဲချောင်း ကျေးရွာများမှ ဓမ္မစကြာဝတ်ရွတ်အဖွဲ့တို့က ရွတ်ဖတ်ပူဇော်ကြမည်ဟု သိရသည်။ (၀၉၇)

စိုက်ပျိုးထားသော ပန်းအလှပင်များ မြေဩဇာများဖြည့်

ဖားကန့် ဖေဖော်ဝါရီ ၂၈

ဖားကန့်မြို့တွင် မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပစေရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ရက်က ငှက်ပျောတောရပ်ကွက်အတွင်းရှိ ကျောက်စာတိုင် မြက်ခင်းပြင်တွင် စိုက်ပျိုးထားသော ပန်းအလှပင်များ ပေါင်းသင်ခြင်း၊ မြေဩဇာများ ဖြည့်ခြင်းလုပ်ငန်းများကို ဒုတိယဦးစီးမှူး ဦးမြင့်ဋ္ဌေးဦးဆောင်သော ဝန်ထမ်းများဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်က ကြီးကြပ်ဆောင်ရွက် ပေးခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

အမျိုးသမီးရေးရာအဖွဲ့ အဆိုပြုလွှာပေးအပ်ပွဲ ကျိုင်းတုံမြို့၌ ကျင်းပ

ကျိုင်းတုံ ဖေဖော်ဝါရီ ၂၈

အမျိုးသမီးရေးရာအဖွဲ့ အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀နာရီက ကျိုင်းတုံမြို့ သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

ရှေးဦးစွာ အမျိုးသမီးရေးရာအဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးဟောပြောပြီး သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူ ၆၆ ဦးက အဖွဲ့ဝင် အဆိုပြုလွှာများကိုပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်ရီက လက်ခံရယူပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လှဝေထံသို့ ဆက်လက်လွှဲပြောင်း ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)



ထားဝယ်မြို့မင်္ဂလာမျှော်အင်းကန် ရေစက်ရုံမှ ရေပေးဝေမှု အခြေအနေကို ဖေဖော်ဝါရီ၈ရက်ကတနင်္သာရီတိုင်းစည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးတင်အောင်က ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြန်အောင်မြို့နယ် အင်ပင်မြို့ အထကကျောင်းလမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းနှင့် လုပ်ငန်းအင်ဂျင်နီယာ ဦးဇော်သက်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အထူးဈေးရောင်းပွဲ မြင်းခြံမြို့၌ဖွင့်

မြင်းခြံ ဖေဖော်ဝါရီ ၂၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က မြင်းခြံမြို့ မင်းကျောင်းကင်း ဈေးရောင်းပွဲတော်မှန်ဦးရှေ့၌ကျင်းပသည်။ အခမ်းအနားတွင် ဈေးရောင်းပွဲတော်ကို မြင်းခြံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံနှင့် တိုင်းဦးစီးမှူး စက်မှုကြီးကြပ်ရေးနှင့် မန္တလေးတိုင်း စစ်ဆေးရေးဦးစီးဌာန မန္တလေးတိုင်း အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ဦးဌေးအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(၄၀၂)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော်၉ ရက်
၁၁-၃-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀:၀၀ သုတစုံစွာသိမှတ်စရာ (စာမေးပွဲအောင်နည်းအကြောင်း သိကောင်းစရာ-သိပ္ပံမှူးတင်)
၁၁:၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (ဣန္ဒြိတံ ရွှေခရီးစဉ်များ)
၁၁:၃၀ မေတို့တွက်တာ အလှကမ္ဘာ (ဖန်စီလေးများနှင့် ခေတ်မီစွာ)
၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဘာပဲလုပ်ရလုပ်ရ (ကိုမြကြီး)
(၂) ချစ်ဦးသူနဲ့လွဲဖူးပါတယ် (ပပမြိုင်)
(၃) တစ်ကမ္ဘာခြားလည်း ချစ်နေမယ် တစ်ယောက်တည်း (ကိုမင်းနောင်)
၁၂:၀၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိအစီအစဉ်
၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (အိပ်မက်ထဲကမျက်ရည်)
၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ဆိုင်းဖျော်ဖြေခန်း-ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၆:၁၀ နေ့စဉ်သုံး အီဒီယမ်
၁၇:၀၀ ဟဒယရှင်ဆေး (လူရွှင်တော်ကမ္ဘာကျော်နှင့်အဖွဲ့)
၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (သမိုင်းတစ်ခေတ်တီထွင် အလောင်းဘုရားဘုရင်-သာရဝေါ်စိုးကြည်)
၁၇:၃၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (အယ်လ်ခွန်းရီ)
၁၈:၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၉:၁၅ ကိုယ်တိုင်ရွေးချယ် နားဆင်မယ်
၂၀:၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၂၀:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ကူလှည့်ပါငွေစန္ဒာ (ဒလခင်ထွေးရီ)
(၂) တစ်ယောက်တည်း ခွဲနေဖူးပြီ (ကိုလေးမြင့်)
(၃) ခါးတမာ ချိုလေမှ (ခင်မာစမ်း)

တိုင်းရင်းသားရိုးရာဓလေ့နှင့် ပြည်ထောင်စုစိတ်ဓာတ်အကြောင်း ဟောပြော အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာနှင့် ရင်ထိုးတံဆိပ်ပေးအပ်

မြိတ် ဖေဖော်ဝါရီ ၂၅

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ တိုင်းရင်းသားရိုးရာဓလေ့နှင့် ပြည်ထောင်စုစိတ်ဓာတ်အကြောင်း ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၂ရက်က မြိတ်တက္ကသိုလ် ခန်းမဆောင် အမှတ်(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းဌေးနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြိတ်တက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

ဟောပြော

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးငယ်ရွယ်အဖွဲ့ခေါင်းဆောင် ဒေါ်မေမြင့်လွင်က တိုင်းရင်းသား ရိုးရာဓလေ့အကြောင်းကို လည်းကောင်း၊ မြန်မာစာ ပါမောက္ခ ဌာနမှူး ဒေါ်အေးအေးမြင့်က စာပေအားမာန် ပြည်ထောင်စုအသံအကြောင်းကိုလည်းကောင်း၊ သမိုင်းပါမောက္ခဌာနမှူး ဒေါ်ယဉ်ယဉ်လှိုင်က သမိုင်းစဉ်လာ ထွန်းပြောင်ခဲ့သော ပြည်ထောင်စု စိတ်ဓာတ်အကြောင်းကို လည်းကောင်း ဟောပြောကြသည်။

ထို့နောက် မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာန ပါမောက္ခ ဒေါ်နန်းမြဟန်က မြိတ်တက္ကသိုလ် ဆရာမများ၊ ကျောင်းသူများ၏ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၂၀၀ ကို ပေးအပ်ရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းဌေးက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကက အမျိုးသမီးရေးရာအဖွဲ့ဝင်ကတ်များနှင့် ရင်ထိုးတံဆိပ်များ ပြန်လည်ပေးအပ်ပြီး မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခကိုယ်စား ပထဝီဝင်ဌာန ပါမောက္ခဌာနမှူး ဦးမင်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

မဏ္ဍိုမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်း (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး) အတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၉-ဘီ) ၃လွှာ လမ်း၉၀ ကန်တော်လေးနေ ဒေါ်ကြင်စု (၈၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် အရှင်ရေဝတက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲကို ဖေဖော်ဝါရီ ၄ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ကျင်းပရာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်တို့က ဂုဏ်ပြုပန်းခြင်း ပေးအပ်ရာ အကအဖွဲ့ဝင် တိုင်းရင်းသူလေးများက လက်ခံစဉ်။ (ပြည်နယ်အမျိုးသမီးရေးရာ)

ဘူးသီးတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သောလက်ဝဲဒက်-ကျည်တောက်ကျေးလက်လမ်းနှင့် တံတားများဆောင်ရွက်ထားမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့က မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယဉ်ကျေးမယ်ရွေးပွဲ နတ်တလင်း၌ ကျင်းပ

နတ်တလင်း ဖေဖော်ဝါရီ ၂၀

နတ်တလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး ကျင်းပသည့် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင် ယဉ်ကျေးမယ်ရွေးချယ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် ည ၇ နာရီက ရွှေလင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု တိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှု သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပြီး ယဉ်ကျေးမယ် ရွေးချယ်ခံရသူ ရွာမရပ်ကွက်မှ ယဉ်ကျေးမယ် မအေးသန္တာလွင်ကို သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသက်ခိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေရီထွန်းတို့ကလည်းကောင်း၊ ကျန်အလှပြမယ်များကို မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စန်းမြင့်နှင့် အဖွဲ့ဝင်များက လည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ (အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ဖလမ်း ဖေဖော်ဝါရီ ၂၈

ချင်းပြည်နယ်ဖလမ်းခရိုင် တွန်းဇံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ဖိုင်သူးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တွန်းဇံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတွာလ်ဆွမ်းဗန်၊ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးစိုးစိုး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖိုင်သူးကျေးရွာဥက္ကဋ္ဌ ဦးလျန်ပောက်တန်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးစိုးစိုးက စာအုပ်များလှူဒါန်းရခြင်းအကြောင်းများကို ရှင်းလင်းသည်။

ဆက်လက်၍ ဖိုင်သူးအလယ်တန်းကျောင်းက လှူဒါန်းသော စာအုပ် ၂၁၅ အုပ်ကို ကျောင်းအုပ်ဆရာကြီး ဦးစိုးစိုးက ပေးအပ်ရာ မြို့နယ်ဦးစီးမှူး ဦးတွာလ်ဆွမ်းဗန်က လက်ခံရယူသည်။

(ခရိုင် ပြန်/ဆက်)

လူငယ်များ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် ရေဒီယို၊ ပရိဘောဂနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ဗန်းမော် မတ် ၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် နောင်ခိုအုပ်စု မင်းလှကျေးရွာတွင် လူငယ်များ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ နှင့် ရေဒီယို၊ ပရိဘောဂ၊ ငွေပဒေသာပင်နှင့် စာအုပ်မျိုးစုံလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၉နာရီက အဆိုပါ ကျေးရွာလူငယ်များ စာကြည့်တိုက်၌ ကျင်းပသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက လူငယ်များစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အဖွင့်အမှာစကား ပြောကြားရာ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးတင်ဝင်းက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ငွေကျပ်ငါးထောင်ကို လည်းကောင်း၊ ခရိုင် ပြန်/ဆက်ဦးစီးဌာနက ရေဒီယိုတစ်လုံးနှင့် စာအုပ်မျိုးစုံ အုပ် ၃၀၀ကိုလည်းကောင်း၊ အလှူရှင် ၁၀ဦးတို့က စာအုပ်မျိုးစုံ အုပ် ၄၅၀ကို လည်းကောင်း၊ ဒေါ်သန်းကြည်က မှန်ဗီရို တစ်လုံး၊ ဦးမောင်တာက စာအုပ်စင် တစ်ခု၊ အလှူရှင်သုံးဦးက စာကြည့်စားပွဲရှည်တစ်လုံး၊ ဦးစိုးသွင်က ခုံတန်းရှည် နှစ်လုံး၊ ဦးကျော်နုက ဝါးကုလားထိုင် တစ်လုံး၊ ဦးသော်က ရေအိုးစင် တစ်ခုနှင့် ဝါးကုလားထိုင် တစ်လုံး၊ ဒေါ်အားဖန်က နံရံကပ်နာရီ တစ်လုံးနှင့် ငွေကျပ်တစ်သောင်း၊ ဒေါ်ပြုံးကြည်က ငွေကျပ်ငါးထောင်နှင့် ဦးရဲနိုင်က ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီများက လက်ခံရယူသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဖေဖော်ဝါရီ ၁၅ ရက်က မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ စုပေါင်း၍ မိုးမိတ်မြို့ မြရည်နန္ဒာပန်းခြံနှင့် ဗိုလ်ချုပ်လမ်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပန်းတနော်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ပန်းတနော် မတ် ၁

ပန်းတနော်မြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုအဖွဲ့၏ ဦးဆောင်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မြို့နယ်အတွင်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ရက် နံနက် ၇နာရီက မြို့မအလယ်ပိုင်း ရပ်ကွက် ဦးအောင်ဇေယျလမ်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်ကြသည်။

တက်ရောက်

မီးဘေးကြိုတင် ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆင်ပေါက်၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ဦးမင်းညွှန့်၊ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်တို့မှ ဥက္ကဋ္ဌများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကြီးကြပ်

အဆိုပါ မီးသတ်တပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဝင်းနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်သန်းလွင်တို့ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ) (၃၂၇)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ (**US Dollar/Euro**)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (**Sealed Tender**)ကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	15 (T)3/MR(E) 2006-2007	BS 75 R Steel Rail (Brand New)	24000M-Ton

ချိပ်ပိတ်တင်ဒါပိတ်ရက်၊ အချိန်- ၇-၅-၂၀၀၇ (တနင်္လာနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၇-၃-၂၀၀၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၈၅၊ (၂၀၁၅၅၅ လိုင်းခွဲ-၆၀၁၊ ၆၀၂၊ ၆၀၅၊ ၆၁၂)။

အမည်ပြောင်း

စစ်တွေမြို့ အလက (၅)မှ (အဖ) ဦးလှကျော်၏ သားများဖြစ်သော အဋ္ဌမတန်း (A) မှ မောင်မင်းထင်ကျော်အား မောင်ဟိန်းမင်းဦးဟုလည်းကောင်း၊ ပထမတန်းမှ မောင်တင်ထူးကျော်အား မောင်မောင်ကျော်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မြို့မဈေးသမဝါယမအသင်းလီမိတက်
လေလံတင်ရောင်းချရန်ကြော်ငြာ

ရခိုင်ပြည်နယ် မောင်တောမြို့ မြို့မဈေး သမဝါယမအသင်း လီမိတက်ပိုင် ရုပ်ရှင်ဗီဒီယိုလုပ်ငန်းခွဲ၏ ရုပ်ရှင်ရုံ၊ မြေ၊ လုပ်ငန်းသုံးပစ္စည်း၊ စက်ကိရိယာများအား ယခုပြသလျက်ရှိသည့် မျက်မြင်အခြေအနေအတိုင်း ကြမ်းခင်းဈေးသိန်း (၂၇၀)ထားပြီး ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချ သွားမည်ဖြစ်ပါသည်။

လျှောက်လွှာပိတ်ရက်မှာ (၁၁-၄-၂၀၀၇)ရက်နေ့နှင့် လေလံတင်ရောင်းချမည့်နေ့မှာ (၂၇-၄-၂၀၀၇)ရက်ဖြစ်၍ လျှောက်လွှာများကို ရုံးချိန်အတွင်း တစ်စောင်လျှင် ကျပ်၂၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သ/မဌာန(မောင်တော) ဖုန်း-၀၄၃-၅၅၀၅၃
ဥက္ကဋ္ဌ (ဈေးသမ) ဖုန်း-၀၄၃-၅၅၃၈၅
လေလံတင်ရောင်းချရေးအဖွဲ့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဠ/၉၁၇၈ ယာဉ် လက်ဝယ်ရှိသူ ဒေါ်ခင်သိန်း မှတ်ပုံတင် အမှတ်၇/တငန (နိုင်) ၀၆၇၀၇၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (တောင်ငူ)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၈၄၃၅ ယာဉ် လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)။

ဦးအုံးမောင် (တရားရုံးချုပ်ရှေ့နေနှင့် နိုတာရီပဗ္ဗလစ်)၏ ၂၇-၂-၂၀၀၇ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ အများပြည်သူသိရှိရန် ကြေညာချက်အပေါ်
ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခေမာလမ်း အမှတ်(၁၇) တွင်တည်ရှိသော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အဆောက်အအုံသည် ဒေါ်မြမြချို က (၁-၁၀-၁၉၉၈)ရက်နေ့ကတည်းက တရားဝင် အမည်ပေါက် ပိုင်ဆိုင်ခဲ့သူဖြစ်ပါသည်။ ဒုတိယ ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)နှင့် ဒေါ်မြမြချိုသည် တရားဝင်အကြင် လင်မယားဖြစ်ကြပြီးဒေါ်မြမြချိုသည်(၂-၁၁-၂၀၀၆)ရက်နေ့တွင်ကွယ်လွန်သွားသဖြင့် လင်သေမယား၊ မယားသေလင် ခံစားစေဟူသောမူအရ အထက်ပါနေအိမ်ဥပစာသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဒုတိယဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)တစ်ဦးတည်းကသာ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပြီး ဒေါ်တင်စံဝေ(ခ) ဒေါ်တင်တင်လှနှင့် မည်သို့မျှအကျိုးသက်ဆိုင်ခွင့် မရှိကြောင်း ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြင့်အောင် (B.Sc, H.G.P,R.L)
တရာရုံးချုပ်ရှေ့နေ
အမှတ်(၄၂)၊မြင့်မိုရ်လမ်း၊စမ်း/တောင်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စ/၉၆၈၄ ယာဉ် လက်ဝယ်ရှိသူ ဦးအောင်ကြည် မှတ်ပုံတင် အမှတ် YSE- ၀၁၇၁၂၉ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊(တောင်ငူ)။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် (၂၁၅၈)

ရိုးမဘဏ်လီမိတက် (၎င်း၏လက်ထောက်မန်နေဂျာဒေါ်မွှေးမွှေးခင်)	နှင့်	ဒေါ်နေခြည်ဖော်ငွေး အမှတ်(၄၆/စီ)၊ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

အထက်အမည်ပါတရားပြိုင် ဒေါ်နေခြည်ဖော်ငွေး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလို ရိုးမဘဏ်လီမိတက်က သင့်အပေါ်၌ ငွေကျပ်၈၁၅၆၇၅၅ကျပ် ၉၅ ပြားရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၀၇ခုနှစ် မတ်လ ၁၉ရက်၊ (၁၃၆၈ ခုနှစ်၊ တန်ခူးလဆန်း ၂ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အုန်းမြင့်(တ/၁၇၇၆)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ဝမ်းနည်းကြေကွဲခြင်း

ဦးစိန်ဝင်း(၈၁)နှစ် G.T.I ကျောင်းဆရာဟောင်း ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

G.T.I ကျောင်းသား၊ ကျောင်းသူဟောင်းများ။

ကျေးဇူးတင်ရှိခြင်း

၄-၃-၂၀၀၇ရက်တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးစိုးမြင့်(ဦးစိုးမြင့်နှင့်သားများ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ နာမကျန်းဖြစ်စဉ်မှစ၍ အထူးဂရုစိုက်ကုသပေးကြသော ဆရာဝန်ကြီးများနှင့် ဗဟိုရ်စည်အထူးကုဆေးခန်းမှ ဆရာဝန်ကြီးများ၊ ဝန်ထမ်းများ၊ ဆေးခန်းသို့လာရောက်သတင်းမေးကြသောမိတ်ဆွေများ၊ နာရေးဖြစ်သည်ကို သိလျှင်သိချင်း လိုအပ်သည်များကို မိသားစုနှင့်ထပ်တူဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေများ၊ ဈာပနအခမ်းအနားသို့ ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေများ၊ လွမ်းသူ့ပန်းခြင်းများနှင့် လှူဖွယ်ပစ္စည်းများပေးပို့ကြသည့် ရပ်နီး၊ ရပ်ဝေးမှမိတ်ဆွေများ၊ ကိုယ်တိုင်လိုက်ပါပို့ဆောင်နိုင်ခြင်းမရှိသော်လည်း ဖုန်းဖြင့်အားပေးစကားပြောကြားပေးကြပါသောရပ်နီး၊ရပ်ဝေးမှ မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကတ္တရာခင်းပြီးစီးမှု

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် မြို့ပြလမ်း လုပ်ငန်းများအနက် အမှတ် ၄ လမ်း ကတ္တရာခင်း ဆောင်ရွက်ပြီးစီးမှု စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိမရှိကို ဖေဖော်ဝါရီ ၁၀ရက်က အမှုဆောင်အရာရှိ ဦးစောထွန်းစိန် စစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ခင်မာဝေက လိုက်လံရှင်းလင်း ပြသစဉ်။ (မြို့နယ်စည်ပင်)

မော်ဘီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွံ့ဖြိုးရှင်သန်တိုးတက်ရေးနှင့် နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကို ဇန်နဝါရီ ၁၉ရက်က လက်ပံတန်းစု ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးက ကျေးရွာဥက္ကဋ္ဌ ဦးစောကပေါ်ဆေးသို့ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ အုပ် ၅၀ကိုပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံသည် ကုလသမဂ္ဂပြဋ္ဌာန်းချက်များကို ကောင်းစွာလိုက်နာကျင့်သုံး
လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေသည် လူကုန်ကူးခံရသူများကို ကာကွယ်ပေး
၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှု ၆၀ ဖော်ထုတ်၊ လူကုန်ကူးခံရသူ ၂၀၀ ကယ်တင်နိုင်ခဲ့

နေပြည်တော် မတ် ၉

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✡

အမှာစကားပြောကြား

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမေရိကန်က နိုင်ငံပေါင်း ၁၉၀ ကျော်၏ လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အစီရင်ခံစာထုတ်ပြန်
မြန်မာနိုင်ငံအပေါ် အထောက်အထားခိုင်လုံမှုမရှိသော စွပ်စွဲချက်များကို ထပ်မံဖော်ပြထား
နိုင်ငံတော်အစိုးရ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် မဟုတ်မမှန် လုပ်ကြံသတင်းဖြန့်ချိမှုသာဖြစ်

အခြေခံလူ့အခွင့်အရေး တိုးမြှင့်ရရှိရေး အစွမ်းကုန် ကြိုးပမ်းအားထုတ်လျက်ရှိနေသည်မှာ ငြင်းကွယ်မရ
နယ်စွန်နယ်ဖျားဒေသများအပါအဝင် နိုင်ငံတစ်ဝန်းလုံး၌ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိရေးမနားမနေဆောင်ရွက်လျက်ရှိ
ပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရ

၂၀၀၆ ခုနှစ် လူ့အခွင့်အရေးအခြေအနေနှင့်စပ်လျဉ်းသည့်အစီရင်ခံစာ နိုင်ငံခြားရေးဝန်ကြီးဌာနကပယ်ချ

နေပြည်တော် မတ် ၉

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၇ ရက်တွင် ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်၏ ၂၀၀၆ ခုနှစ် လူ့အခွင့်အရေး အခြေအနေနှင့်ပတ်သက်သည့် အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေအပေါ် တစ်ဖက်စောင်းနင်းအကဲဖြတ်ချက်များကို လုံးဝလက်မခံဘဲ ပယ်ချလိုက်ကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်၏ ၂၀၀၆ ခုနှစ် လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် အစီရင်ခံစာကို ၂၀၀၇ ခုနှစ် မတ် ၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာသည် ယခင်နှစ်များကဲ့သို့ပင် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည်ဆိုသည့် အခြေအမြစ်၊ အထောက်အထား ခိုင်လုံမှုမရှိသော လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များကို ထပ်မံဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာတွင် ယခင်ကဲ့သို့ပင် မြန်မာနိုင်ငံတွင် တရားဥပဒေနှင့်အညီ စီရင်ခြင်းမပြုဘဲ သတ်ဖြတ်မှုများ၊ အကျဉ်းထောင်အတွင်း သေဆုံးမှုများ၊ ပျောက်ဆုံးမှုများ၊ အဓမ္မပြုကျင့်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှုများ၊ မတရားဖမ်းဆီးမှုများ၊ အတင်းအဓမ္မရွှေ့ပြောင်းစေမှုများ၊ ကလေးသူငယ်စစ်သည်များ အဓမ္မစုဆောင်းမှုများ၊ အဓမ္မအလုပ်စေခိုင်းစေမှု၊ တိုင်းရင်းသားလူနည်းစုများ၏ကျေးရွာများကို စစ်တပ်က တိုးမြှင့် တိုက်ခိုက်မှုများ၊ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ထိန်းသိမ်းထားရှိမှုများ၊ သတင်းလွတ်လပ်ခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာသွားလာခွင့်စသည်တို့အပေါ် ထိန်းချုပ်မှုများကဲ့သို့သော လူ့အခွင့်အရေး ချိုးဖောက်မှုများရှိသည်ဟု မမှန်မကန် သိမ်းကျုံးစွပ်စွဲထားသည်။

ယင်းအစီရင်ခံစာ၏ ရေးသားဖော်ပြထားပုံကို ထောက်ရှုခြင်းအားဖြင့် ယင်းစွပ်စွဲချက်များသည် ဥပဒေပြင်ပတွင် ကျန်ရှိနေသေးသည့် သောင်းကျန်းသူလက်နက်ကိုင်အုပ်စုနှင့် အစိုးရဆန့်ကျင်ရေးအင်အားစုများ၏ စွပ်စွဲပြောဆိုချက်များနှင့် ထပ်တူဖြစ်ပြီး မြန်မာနိုင်ငံအစိုးရ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းစေရန် မဟုတ်မမှန် လုပ်ကြံသတင်းဖြန့်ချိမှုများသာ ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ●